# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**လောကကို မဂ်ဉာဏ်ရောင်ဖြင့် ထွန်းလင်းစေ၏**

ရှေးငယ်စဉ်အခါက ကုသိုလ်၌မေ့လျော့ခဲ့၍ နောင်ကြီးပြင်းသောအခါ၌ မမေ့လျော့သောသူသည် တိမ်တိုက်မှ လွတ်သောလကဲ့သို့ ဤလောကကို မဂ်ဉာဏ်ရောင်ဖြင့် ထွန်းလင်းတောက်ပစေ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)


၁၃၈၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၆ ရက် | ၂၀၂၃ ခုနှစ်၊ စက်တင်ဘာ ၆ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၂)၊ အမှတ်(၃၃၇)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ၂၀၂၃ ခုနှစ်၊ တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ ကံ့ကော်ပျိုးပင်အား ဦးဆောင်စိုက်ပျိုးပေး

နေပြည်တော် စက်တင်ဘာ ၅

၂၀၂၃ ခုနှစ်၊ တတိယအကြိမ် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏခရိုင် လယ်ဝေးမြို့နယ် ရန်အောင်မြင်ကြိုးဝိုင်း အကွက်အမှတ်(၁၃)အတွင်း ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ် ၂၀၄ မိုင် ၁ ဖာလုံမှ မာရဝိဇယဘုရားအဝင် လမ်းဝဲယာ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ ကံ့ကော်ပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအရာထမ်း၊ အမှုထမ်းများ၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်များနှင့် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❁




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကံ့ကော်ပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။


ယနေ့ *မာတိကာ*

**အနောက်ကမ္ဘာမီဒီယာကို တန်ပြန်ချေဖျက်စွမ်းမည့် BRICS မီဒီယာဖိုရမ်နှင့် Innovation Diary**

ဆောင်းပါး စာ ၁၀

**၂၀၂၃ ခုနှစ် ဩဂုတ်လအတွင်း ဝန်းကျင်လေထု အရည်အသွေးလေ့လာဆန်းစစ်ခြင်းနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ချက်**

ထုတ်ပြန်ချက် စာ ၁၅


## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ

နေပြည်တော် စက်တင်ဘာ ၅

ယနေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အနောက်အလယ်ပိုင်း၊ အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်တောင်ပိုင်းကမ်းလွန်-အင်ဒရာပရာဒေ့ရှ်ပြည်နယ် မြောက်ပိုင်းကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် အနောက်ဘက်သို့ရွေ့လျားနိုင်ပြီးနောက် ၂၄ နာရီအတွင်း အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်တောင်ပိုင်းနှင့် ချက်တစ်ဂတ်ပြည်နယ်တောင်ပိုင်းကို ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

# ဗလငါးတန်နှင့် ပြည့်စုံသည့် အနာဂတ်အတွက် အင်အားစုများ

မိမိတို့နိုင်ငံတွင် လူငယ်ဆိုသည်မှာ အသက် ၁၅ နှစ်မှ ၃၅ နှစ်အတွင်းရှိ နိုင်ငံသားများဟူ၍ ဖွင့်ဆိုထားသည်။ ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ လူငယ်ဦးရေအချိုးသည် မြင့်တက်လျက်ရှိပြီး လူငယ်ဦးရေများပြားနေသည့်အတွက် "လူဦးရေဆုလာဘ်" ကို ရရှိခံစားနေရသည်ဟုလည်းဆိုသည်။ လူတစ်ယောက်၏ လူငယ်ဘဝအသက်အပိုင်းအခြားသည် လှုပ်ရှားတက်ကြွသည့်အရွယ်၊ ဖွံ့ဖြိုးတိုးတက်သည့်အရွယ်ဖြစ်ပြီး လူသားတစ်ယောက်၏ အမြင့်ဆုံးသောစွမ်းရည်များကို ပြသနိုင်သည့်အရွယ်လည်းဖြစ်သည်။

ပညာရေးဝန်ကြီးဌာန တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ပေါင်းစုံ လူငယ်သီတင်းပတ် (Youth Week) ကို ၂၀၂၃ ခုနှစ် စက်တင်ဘာ ၄ ရက်မှ ၈ ရက်အထိ သတ်မှတ်ပြီး တက္ကသိုလ်ကျောင်း ၅၀ နှင့် ပညာရေးဒီဂရီကောလိပ် ၂၅ ကျောင်းတို့တွင် လူငယ်လှုပ်ရှားမှု အစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပလျက်ရှိသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များသည် အဓိကစွမ်းအားစုများအဖြစ် အရေးပါသည့်ကဏ္ဍတွင် ပါဝင်လျက်ရှိကြောင်း တက္ကသိုလ်ကျောင်းသား ကျောင်းသူလူငယ်များ သတိပြုမိစေရန် ရည်ရွယ်ကျင်းပသည့် လူငယ်သီတင်းပတ်(Youth Week) အစီအစဉ်တွင် ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလ ဖွံ့ဖြိုးရေးဆိုင်ရာ လူငယ်လှုပ်ရှားမှုများဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ကျင်းပနေခြင်းဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက်(၉)ရပ်တွင် "နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး" ဟူသော လူမှုရေးဦးတည်ချက်တစ်ရပ်လည်း ပါဝင်သည်။ နိုင်ငံတော်၏ အနာဂတ်ကာလအတွက် လူငယ်များကို တန်ဖိုးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်လာစေရန် ပြုစုပျိုးထောင်ရာတွင် ဗလငါးတန် ဖွံ့ဖြိုးရေးဆိုင်ရာ ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးရန်လိုအပ်သည်။ ကိုယ်ကာယ ဖွံ့ဖြိုးရေး၊ အသိဉာဏ်ဖွံ့ဖြိုးရေးနှင့် ဗဟုသုတပြည့်စုံရေး၊ စာရိတ္တမဏ္ဍိုင်ကြံ့ခိုင်ရေး၊ ပေါင်းသင်းဆက်ဆံရေး၊ အသက်မွေးဝမ်းကျောင်းနှင့် စီးပွားရေးဆိုင်ရာ အသိအမြင်များ ကျယ်ပြန့်ရေးတို့ကို လူငယ်ဘဝတွင် ပြည့်စုံအောင် လေ့ကျင့်ဖြည့်ဆည်းပေးနိုင်သည်နှင့်အမျှ အနာဂတ်ကာလတွင် နိုင်ငံက အားကိုးအားထားပြုရမည့် စွမ်းအားစုများကို ရရှိနိုင်မည်ဖြစ်သည်။

မျက်မှောက်ခေတ်သည် ပညာခေတ်ဖြစ်ပြီး နိုင်ငံတည်ဆောက်ရေးအတွက်လည်း ပညာတတ်များစွာ လိုအပ်လျက်ရှိရာ ပညာရေးနှင့် ပတ်သက်၍ အားပေးဆောင်ရွက်ရန် နိုင်ငံတော်အကြီးအကဲက အမြဲမပြတ် တိုက်တွန်းအားပေးလျက်ရှိသည်။ နိုင်ငံအတွက် လိုအပ်သော တန်ဖိုးမြင့်သည့် လူ့စွမ်းအားအရင်းအမြစ်များရရှိရန် ပညာရေးနှင့် ကျန်းမာရေးနယ်ပယ်တို့တွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုပြုလုပ်ရန် လိုအပ်သကဲ့သို့ လူငယ်ထုအတွင်း ဗလငါးတန် ဖွံ့ဖြိုးရေးကိုလည်း ဘက်ပေါင်းစုံမှ စဉ်ဆက်မပြတ် ပြုလုပ်သွားရမည်လည်းဖြစ်သည်။ မြန်မာနိုင်ငံ၏ လူဦးရေတွင် လူငယ်ဦးရေအချိုးအစားက မြင့်မားနေခြင်းကြောင့် "လူဦးရေဆုလာဘ်" ရရှိသည်ဟုဆိုရာတွင် အဆိုပါလူငယ်များအား နိုင်ငံအကျိုးပြုသည့် စွမ်းအားစုများဖြစ်လာအောင် လေ့ကျင့်ပေးနိုင်ရန် လိုအပ်သလို နိုင်ငံတည်ဆောက်ရေးတွင် ထိထိရောက်ရောက်အသုံးပြုနိုင်ရန်လည်း လိုအပ်သည်။ အဆိုပါ လူဦးရေဆုလာဘ်ကို နှစ်ပေါင်းနှစ်ဆယ်အတွင်း အကျိုးရှိရှိ သုံးစွဲနိုင်ခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်ရာ ပညာတတ်ရုံမျှမက ကျန်းမာကြံ့ခိုင်သော၊ အကျင့်စာရိတ္တမြင့်မားသော၊ ပေါင်းသင်းဆက်ဆံမှု ကျယ်ပြန့်သော၊ စီးပွားရေး ကျွမ်းကျင်သော လူငယ်များဖြစ်လာအောင် စဉ်ဆက်မပြတ် လေ့ကျင့်ပျိုးထောင်ကြရပါမည့်အကြောင်း။ ။

## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ကုလသမဂ္ဂလူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး၏ မြန်မာနိုင်ငံဆိုင်ရာ အကြီးအကဲအား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၅**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ကုလသမဂ္ဂလူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA) ၏ မြန်မာနိုင်ငံဆိုင်ရာ အကြီးအကဲ Mr. Sajjad Mohammad Sajid အား ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိနိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)



တွေ့ဆုံစဉ် ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ညှိနှိုင်းရေးမှူး၊ နယူးယောက်မြို့ရှိ ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA) ၏ အကြီးအကဲ Under-Secretary-General Mr. Martin Griffiths ၏ ဩဂုတ်လအတွင်းက မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည့် ခရီးစဉ်နောက်ပိုင်း မြန်မာအစိုးရ၊ ကုလသမဂ္ဂနှင့် ၎င်း၏ လက်အောက်ခံ အဖွဲ့အစည်းများအကြား ပိုမိုပူးပေါင်း ဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြပြီး ကုလသမဂ္ဂ ယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး Mr. Ramanathan Balakri-shnan လည်း တက်ရောက်ဆွေးနွေးခဲ့သည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံပြန်တမ်း

### အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးလှိုင်ဦး အား အမြဲတမ်းအတွင်းဝန် တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၅**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကမ်းရိုးတန်းဒေသများတွင် မိုးပိုလာနိုင်သည်။ **မိုး/ဇလ**

## ကျောက်ဖြူပညာရေးဒီဂရီကောလိပ်၌ လူငယ်စကားဝိုင်း ကျင်းပ

**ကျောက်ဖြူ စက်တင်ဘာ ၅**

ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာဦးစီးဌာန ကျောက်ဖြူပညာရေးဒီဂရီကောလိပ် လူငယ်သီတင်းပတ် အခမ်းအနား၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကျောက်ဖြူပညာရေး ဒီဂရီကောလိပ်တို့ ပူးပေါင်းပြီး လူငယ်စကားဝိုင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကောလိပ်ရှိ ပညာတန်ဆောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားကို ကျောက်ဖြူပညာရေး ဒီဂရီကောလိပ်မှ ကျောင်းသား ကျောင်းသူများက "ထာဝရ မြန်မာ" သီချင်းဖြင့် သီဆိုဖျော်ဖြေဖွင့်လှစ်ပေးပြီး ကျောက်ဖြူပညာရေး ဒီဂရီကောလိပ်မှ ကျောင်းအုပ်ကြီး ဒေါ်မီမီဝင်းက အမှာစကား ပြောကြားသည်။ ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ယုယုနွယ်က လူငယ်စကားဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူးက ဦးဆောင်ဆွေးနွေးသူအဖြစ် ပါဝင်ဆောင်ရွက်ပြီး ကျောက်ဖြူပညာရေး ဒီဂရီကောလိပ်မှ ကျောင်းသား ကျောင်းသူများက "လူငယ်နှင့်ခေါင်းဆောင်မှု"၊ "လူငယ်နှင့် နည်းပညာ" ခေါင်းစဉ်ဖြင့် ဆွေးနွေးကြသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများသည် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် ဦးတည်ချက် (၉) ရပ်ပါရှိသော နံရံကပ်စာစောင်များနှင့် စာအုပ်စာစောင်များကို စိတ်ပါဝင်စားစွာဖြင့် လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**တင်ထွန်းဦး၊ ဖြိုးဝေလင်း**




## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် စက်တင်ဘာ ၅**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ **မိုး/ဇလ**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၃ ခုနှစ်၊ တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

❁ *ရှေ့ဖုံးမှ*

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာ၌ ယနေ့ သစ်ပင်စိုက်ပျိုးပွဲတွင် သစ်မျိုး ၁၅ မျိုး၊ အပင်ပေါင်း ၂၅၂၀ ကို စိုက်ပျိုးသွားမည်ဖြစ်ပါကြောင်း၊ သစ်ပင်များကို တစ်နိုင်ငံလုံး အရှိန်အဟုန်ဖြင့် နှစ်စဉ်စိုက်ပျိုးလျက်ရှိပြီး ယခုနှစ်မိုးရာသီတွင် နိုင်ငံပိုင် သစ်တောစိုက်ခင်းများအပါအဝင် သစ်ပင်ပေါင်း ၂၄ ဒသမ ၆၂၉ သန်း စိုက်ပျိုးတည်ထောင်လျက်ရှိပါကြောင်း။

**ဟန်ချက်ညီညီထိန်းညှိပေး**

**"ဥတုရာသီ တောကိုမှီ"** ဆိုသည့်အတိုင်း သစ်ပင်သစ်တောများသည် သက်ရှိများနေထိုင်ရာ ကမ္ဘာမြေကြီး သာယာလှပစေရုံသာမက သက်ရှိများ ကောင်းမွန်စွာရှင်သန်နိုင်ရန် များစွာပံ့ပိုးကူညီပေးနေပါကြောင်း၊ ထို့ပြင်ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းပေးပြီး ဂေဟစနစ်များကိုလည်း တည်ငြိမ်စေပါကြောင်း၊ ရာသီဥတုမျှတကောင်းမွန်စေပြီး မြေနှင့်ရေကို ထိန်းသိမ်းပေးခြင်းဖြင့် ရေကြီးခြင်း၊ မြေပြိုခြင်းနှင့် လေမုန်တိုင်းကျရောက်ခြင်းစသည့် သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ပေးပါကြောင်း၊ စားရေရိက္ခာ၊ ဆေးဝါးနှင့် သစ်တောထွက်ပစ္စည်းများကိုလည်း ထောက်ပံ့ပေးပါကြောင်း၊ သစ်တောများသည် လုပ်ငန်းကဏ္ဍအသီးသီးနှင့် ဆက်စပ်နေပြီး စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးမှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး မဏ္ဍိုင် (၃) ရပ်ကို ဟန်ချက်ညီညီ ထိန်းညှိပေးပြီး ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုသည့် အဓိကကဏ္ဍတွင် ပါဝင်ပါကြောင်း။

**အထူးအလေးထားဆောင်ရွက်**

၂၀၂၃ ခုနှစ်၊ မေ ၁၄ ရက်၌ ရခိုင်ပြည်နယ်တွင် တိုက်ခတ်ခဲ့သည့် မိုခါမုန်တိုင်းကြောင့် စစ်တွေမြို့အပါအဝင် မုန်တိုင်းဒဏ်ခံခဲ့ရသည့် မြို့နယ် ၁၀ မြို့နယ်ကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် တစ်ခုအပါအဝင်ဖြစ်သည့် သစ်ပင်စိုက်ပျိုး ထိန်းသိမ်းခြင်းကို သဘာဝဘေးအန္တရာယ်များမှ ကြံ့ကြံ့ခံနိုင်ရန် အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးနေသည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် သဘာဝဘေးအန္တရာယ်များ တားဆီးကာကွယ်နိုင်ရန်အတွက် သစ်တောပြုန်းတီးမှု လျော့နည်းရေးနှင့် ကမ်းရိုးတန်းတစ်လျှောက် သဘာဝအစိမ်းရောင်တံတိုင်းများဖြစ်သည့် ဒီရေတောနှင့် သစ်ပင်သစ်တောများကို အရှိန်အဟုန်မြှင့် စိုက်ပျိုးထိန်းသိမ်းရေး အထူးအလေးထားဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း။

**ကဏ္ဍအလိုက် ကြိုတင်ပြင်ဆင်**

ထို့ပြင် မိုးလေဝသခန့်မှန်းချက်များအရ ၂၀၂၃ ခုနှစ် စက်တင်ဘာလမှ ၂၀၂၄ ခုနှစ် မတ်လကာလအတွင်း အယ်လ်နီညိုဖြစ်စဉ်များ ကြုံတွေ့ရမည်ဟု သိရှိရပါကြောင်း၊ ယခင်အတွေ့အကြုံများအရ မိုးခေါင်ရေရှားခြင်းနှင့် ပူပြင်းခြောက်သွေ့ခြင်းများ ဖြစ်ပေါ်နိုင်သည့်အတွက် ပူပြင်းခြောက်သွေ့ဒဏ် ခံနိုင်မှုရှိစေရေးနှင့် ရေပြတ်လပ်မှုမရှိစေရေး ကဏ္ဍအလိုက် ကြိုတင်ပြင်ဆင်သွားကြရန်လည်း လိုအပ်ပါကြောင်း။

**သစ်ပင်များစိုက်ပျိုးဆောင်ရွက်လျက်ရှိ**

သစ်တောများအတွင်းရှိ သစ်ပင်များသာမက သစ်တောများ ပြင်ပတွင်ရှိနေသည့် သစ်ပင်သစ်တောများသည်လည်း အလွန်အရေးကြီးပါကြောင်း၊ **"သစ်ပင်စိုက်မှ အရိပ်ရ၏၊ ရိပ်ခိုနားနေ အပန်းပြေ၏"** ဆိုသည့်အတိုင်း ကျေးရွာ၊ မြို့ပြပတ်ဝန်းကျင် နေရာအသီးသီးတွင် စိမ်းလန်းစိုပြည်ပြီး အရိပ်အာဝါသရရှိစေရန် သစ်ပင်များရှင်သန်အောင် စိုက်ပျိုးထိန်းသိမ်းကြရန် လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံအတွင်း ဖောက်လုပ်ထားရှိသည့် အဓိကလမ်းမကြီးများဖြစ်သည့် အာဆီယံလမ်းမကြီးများ၊ ရန်ကုန်–မန္တလေး အမြန်လမ်းမကြီးနှင့် ရထားလမ်းများတစ်လျှောက် စိမ်းလန်းစိုပြည်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းပြီး သစ်ပင်များစိုက်ပျိုး ဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံ၏လူဦးရေအများစုသည် ကျေးလက်ဒေသများတွင် နေထိုင်ကြခြင်းဖြစ်သည့်အတွက် ကျေးလက်ထင်းလောင်စာ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေး ကျေးရွာ ထင်းစိုက်ခင်းများ စိုက်ပျိုးတည်ထောင်ရန်၊ နိုင်ငံနှင့်တစ်ဝန်း ကျေးရွာများတွင် ဒေသအလိုက် သင့်တော်သည့်အရိပ်ရပင်များ၊ လေကာပင်များကို စဉ်ဆက်မပြတ်စိုက်ပျိုးရန်၊ တောင်ထိပ်၊ တောင်ကုန်း တောင်တန်းများ၊ သစ်ပင်သစ်တောများ ထိန်းသိမ်းရန်၊ သစ်ပင်များစိုက်ပျိုးရန်၊ မြစ်ချောင်းတစ်လျှောက် သစ်ပင်များစိုက်ပျိုးထိန်းသိမ်းရန်၊ ကမ်းရိုးတန်း ဒီရေရောက်ဒေသများတွင် ဒီရေတောအပင်များ စိုက်ပျိုးတည်ထောင်ရန် စသည့်သစ်ပင်သစ်တော စိုက်ပျိုးထိန်းသိမ်းရေးလုပ်ငန်းများကို ထိထိရောက်ရောက်အောင်မြင်စေရန် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပျိုးပင်ကို စိုက်ပျိုးပေးစဉ်။

**ထိန်းသိမ်းကာကွယ်ဆောင်ရွက်**

သစ်ပင်စိုက်ပျိုးခြင်းသည် အကျိုးကျေးဇူးအမျိုးမျိုးကို ရရှိခံစားနိုင်ပြီး သစ်တောများက အထောက်အပံ့ပြုသည့် ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများက သက်ရှိလောကအတွက် အလွန်ပင်အရေးပါလှပါကြောင်း၊ ထို့ကြောင့် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် နိုင်ငံတစ်ဝန်း မြို့ပြနှင့်ရပ်ရွာ၊ ကျေးလက်ဒေသအသီးသီးတွင် စိမ်းလန်းစိုပြည်သာယာစေရေးအတွက် သစ်ပင်သစ်တောများ၊ စိမ်းလန်းစိုပြည်သည့် သဘာဝမြေယာရှုခင်းများဖြစ်အောင် စဉ်ဆက်မပြတ် တိုးမြှင့်စိုက်ပျိုးတည်ထောင်ရေး အလေးထားဆောင်ရွက်ပေးကြရန်၊ နိုင်ငံရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ စားရေရိက္ခာဖူလုံရေး၊ ရာသီဥတုပြောင်းလဲဖောက်ပြန်မှုလျော့ချရေးနှင့် သဘာဝဘေးအန္တရာယ် ကာကွယ်ရေးတို့အတွက် အလွန်အရေးပါသည့် သစ်ပင်သစ်တောများ၊ သစ်တောဂေဟစနစ်ထိန်းသိမ်းရေးလုပ်ငန်းများကို ဘက်စုံကဏ္ဍစုံက

*စာမျက်နှာ ၄ သို့*

**❝ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် နိုင်ငံတစ်ဝန်း မြို့ပြနှင့်ရပ်ရွာ၊ ကျေးလက်ဒေသအသီးသီးတွင် စိမ်းလန်းစိုပြည်သာယာစေရေးအတွက် သစ်ပင်သစ်တောများ၊ စိမ်းလန်းစိုပြည်သည့် သဘာဝမြေယာရှုခင်းများဖြစ်အောင် စဉ်ဆက်မပြတ် တိုးမြှင့်စိုက်ပျိုးတည်ထောင်ရေး အလေးထားဆောင်ရွက်၊ နိုင်ငံရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ စားရေရိက္ခာဖူလုံရေး၊ ရာသီဥတုပြောင်းလဲဖောက်ပြန်မှုလျော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးတို့အတွက် အလွန်အရေးပါသည့် သစ်ပင်သစ်တောများ၊ သစ်တောဂေဟစနစ် ထိန်းသိမ်းရေးလုပ်ငန်းများကို ဘက်စုံကဏ္ဍစုံက ရှုမြင်သုံးသပ်ပြီး အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ထိန်းသိမ်းကာကွယ်ဆောင်ရွက် ❞**

*စာမျက်နှာ ၃ မှ*

ရှုမြင်သုံးသပ်ပြီး အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် ထိန်းသိမ်းကာကွယ် ဆောင်ရွက်သွားကြရန် တိုက်တွန်းနှိုးဆော်ပါကြောင်း ပြောကြားသည်။

**ဦးဆောင်စိုက်ပျိုးပေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကံ့ကော်ပျိုးပင်ကို သတ်မှတ်နေရာတွင် ဦးဆောင်စိုက်ပျိုးပေးသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများ၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်နှင့် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ တာဝန်ရှိသူများသည် ပျိုးပင်များကို တစ်ပြိုင်တည်း စိုက်ပျိုးပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ၂၀၂၃ ခုနှစ်၊ တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများက ပျိုးပင်များအား တပျော်တပါးစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

**စနစ်တကျဖြင့် ထိန်းသိမ်း**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် မာရဝိဇယဗုဒ္ဓဥယျာဉ် ပရိဝုဏ်အတွင်း စိမ်းလန်းစိုပြည်စေရေးအတွက် စိုက်ပျိုးထားရှိသည့် လင်းလွန်းပင်၊ လုမ္ဗိနီအင်ကြင်းပင်နှင့် ကံ့ကော်ပင်စသည့် သစ်ပင်များ ရှင်သန်ဖြစ်ထွန်းလျက်ရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် သစ်ပင်များ စဉ်ဆက်မပြတ်ရှင်သန်ဖြစ်ထွန်းစေရေးနှင့် ဘုရားကြီး ပရိဝုဏ်အတွင်း စိမ်းလန်းစိုပြည်မှုရှိစေရေး စနစ်တကျဖြင့် ထိန်းသိမ်းဆောင်ရွက်သွားရန် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

ယနေ့ကျင်းပပြုလုပ်သည့် ၂၀၂၃ ခုနှစ်၊ တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားတွင် ကံ့ကော်၊ ခရေ၊ ကျွန်း၊ ပိတောက် စသည့်သစ်မျိုးများ အပါဝင် သစ်မျိုး ၁၅ မျိုး၊ အပင်ပေါင်း ၂၅၂၀ ကို လူထုလှုပ်ရှားမှုအသွင်ဖြင့် စိုက်ပျိုးခဲ့ခြင်းဖြစ်ကြောင်း၊ သစ်ပင်များကိုတစ်နိုင်ငံလုံး အရှိန်အဟုန်ဖြင့် နှစ်စဉ်စိုက်ပျိုးလျက်ရှိပြီး ယခုနှစ်မိုးရာသီတွင် နိုင်ငံပိုင်သစ်တောစိုက်ခင်းများအပါအဝင် သစ်ပင်ပေါင်း ၂၄ ဒသမ ၆၂၉ သန်း စိုက်ပျိုးတည်ထောင်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ၂၀၂၃ ခုနှစ်၊ တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများက ပျိုးပင်များအား တပျော်တပါးစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးစဉ်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ မိတ္ထီလာပညာရေးဒီဂရီကောလိပ်နှင့် မိတ္ထီလာတက္ကသိုလ်သို့ သွားရောက်၍ လူငယ်သီတင်းပတ်(Youth Week) အထိမ်းအမှတ် လူငယ်စွမ်းရည်ပြပွဲများကို လှည့်လည်ကြည့်ရှုအားပေး

**နေပြည်တော် စက်တင်ဘာ ၅**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မိတ္ထီလာပညာရေး ဒီဂရီကောလိပ်သို့သွားရောက်၍လူငယ်သီတင်းပတ် (Youth Week) အထိမ်းအမှတ် လူငယ်စွမ်းရည်ပြပွဲများကို လှည့်လည်ကြည့်ရှုအားပေးသည်။ **(အောက်ပုံ)**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် မိတ္ထီလာပညာရေး ဒီဂရီကောလိပ် ကျောင်းသားကျောင်းသူများ၏ မြန်မာ့သိုင်း၊ Fitness Dance၊ ကရာတေး သရုပ်ပြသမှုများကို လည်းကောင်း၊ ကျောင်းသား ကျောင်းသူများ၏ ရေဒုံးပျံ လွှတ်တင်မှုများနှင့် ဈေးရောင်း ပွဲတော်ဆိုင်ခန်းများကို လည်းကောင်း လှည့်လည်ကြည့်ရှုအားပေးသည်။

**ဆုများချီးမြှင့်**

ယင်းနောက် ပညာပါရမီခန်းမတွင် ဘာသာရပ်အသီးသီးမှ ကျောင်းသား ကျောင်းသူများ၏ ဗလငါးတန်နှင့် ပတ်သက်သော လူငယ်စွမ်းရည် သရုပ်ဖော်တင်ဆက် ပြသမှုများဖြစ်သည့် "ထီလာမြေ MEDC" သီချင်းဖြင့် သီဆိုကပြမှု၊ "ထွန်တုံးမှ ထိပ်ဆုံးသို့" တစ်ခန်းရပ်ပြဇာတ်၊ The Singing Walrus(Acting Song) သီချင်းဖြင့်အုပ်စုလိုက် တင်ဆက်မှု၊ "မိုးဇာပျော" သီချင်းဖြင့် သရုပ်ဖော် ကပြတင်ဆက်ခြင်း၊ "လိမ္မာယဉ်ကျေးလေ့ကျင့်ပေး" သရုပ်ဖော်တင်ဆက်မှု၊ "MEDC အငြိမ့်" ၏ဖျော်ဖြေတင်ဆင်မှု၊ "ရတနာပုံ" သီချင်းသရုပ်ဖော်အကဖြင့် ဖျော်ဖြေတင်ဆက်မှုတို့ကို ကြည့်ရှုအားပေးကြပြီး အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးက ပါဝင်တင်ဆက်ဖျော်ဖြေသူများကို ဆုများချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ အိမ်တွင်းလက်မှုပြခန်းတွင် ပြသထားသည့်ပစ္စည်းများကို အားပေးကြည့်ရှုသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် မိတ္ထီလာတက္ကသိုလ်သို့ သွားရောက်၍ အဆိုပါတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်သည့် "မိတ္ထီလာတက္ကသိုလ် လူငယ်သီတင်းပတ် အထိမ်းအမှတ် ဗလငါးတန်ဖွံ့ဖြိုးရေး စွမ်းရည်ပြပွဲ" ကို ကြည့်ရှုအားပေးသည်။

အဆိုပါ စွမ်းရည်ပြပွဲတွင် ရူပဗေဒ ကျောင်းသူလေးများ၏ Physical Fitness Dance သရုပ်ပြပွဲ၊ ကာယဗလမောင် သရုပ်ပြပွဲ၊ သမိုင်း ကျောင်းသူလေးများ၏ Physical Fitness Dance သရုပ်ပြပွဲ၊ လုယဉ်ကျေးမယ်သရုပ်ပြပွဲ၊ ဓာတုဗေဒ ကျောင်းသူလေးများ၏ Physical Fitness Dance သရုပ်ပြပွဲ၊ ကျောင်းသားများ၏ ရိုးရာခြင်းအလုခတ် သရုပ်ပြပွဲတို့ကို ကြည့်ရှုအားပေးပြီး စွမ်းရည်ပြပွဲအပြီးတွင် ပါဝင်တင်ဆက်ကြသည့် ကျောင်းသား ကျောင်းသူများကို ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုငွေများကို ချီးမြှင့်ကြသည်။

**ဖြည့်ဆည်းဆောင်ရွက်ပေး**

အလားတူ ပြည်ထောင်စုဝန်ကြီးသည် မိတ္ထီလာမြို့ အမှတ် (၄) အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်၍ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ စာသင်ခန်းအတွင်း ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြား၊ သင်ယူနေမှုများကို ကြည့်ရှုအားပေး၍ ကျောင်းအတွက် လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# တောင်ငူပညာရေးဒီဂရီကောလိပ်၌ လူငယ်သီတင်းပတ် အခမ်းအနားကျင်းပ

**တောင်ငူ စက်တင်ဘာ ၅**

ပဲခူးတိုင်းဒေသကြီး တောင်ငူပညာရေးဒီဂရီကောလိပ် မြတ်ပညာခန်းမ၌ လူငယ်သီတင်းပတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ တောင်ငူခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေဝင်းအောင်နှင့်အဖွဲ့ဝင်များ၊ တောင်ငူပညာရေးဒီဂရီကျောင်းအုပ်ကြီး ဒေါ်ဝင်းသိင်္ဂီကျော်တို့က အခမ်းအနားအား တောင်ငူပညာရေးဒီဂရီကောလိပ် ရှေ့မျက်နှာစာ၌ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး**(ယာပုံ)** သင်တန်းသား သင်တန်းသူများ၏ Fitness Dance တင်ဆက်ခြင်းကို ကြည့်ရှုကြသည်။

ဆက်လက်၍ တောင်ငူပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါ်ဝင်းသိင်္ဂီကျော်က အမှာစကားပြောကြားပြီး တောင်ငူပညာရေးဒီဂရီကောလိပ်မှ သင်တန်းသား သင်တန်းသူများက ကပြဖျော်ဖြေကြသည်။ ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သင်တန်းသား သင်တန်းသူများက နံရံကပ်စာစောင်၊ ပြခန်းများနှင့် ဈေးရောင်းပွဲတော်တို့ကို ကြည့်ရှုလေ့လာကြသည်။ **ဇော်ကိုကို(ပြန်/ဆက်)**



# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး “Consultative Workshop on Myanmar e-Governance Master Plan 2030 (မူကြမ်း)” အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၅**

မြန်မာနိုင်ငံတွင် e-Government လုပ်ငန်းများကို အစိုးရအုပ်ချုပ်ရေး ယန္တရားတွင်ပါဝင်သည့် အစိုးရအဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများ အသီးသီးမှ လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန် ရည်ရွယ်၍ “Consultative Workshop on Myanmar e-Governance Master Plan 2030 (မူကြမ်း)” အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ရုံးအမှတ် (၂) အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေး နှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး တက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး က ယနေ့ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအသီးသီးသည် အုပ်ချုပ်မှု၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အစရှိသော ကဏ္ဍအသီးသီးတွင် Digital Transformation ကို ဦးစားပေးပြီး အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ Digital Transformation ခရီးကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရန်အတွက် e-Government အား မဖြစ်မနေ ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ကမ္ဘာ့ကုလသမဂ္ဂ၏ E-Government Development Index (EGDI) တွင် အလယ်အလတ်အဆင့်သို့ ကူးပြောင်းနိုင်ခဲ့ပြီး ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံပေါင်း ၁၉၃ နိုင်ငံအနက် ၂၀၁၆ ခုနှစ်တွင် မြန်မာနိုင်ငံသည် အဆင့် ၁၆၉ ရှိခဲ့ရာမှ ၂၀၂၂ ခုနှစ်တွင် အဆင့် ၁၃၄ သို့ ရောက်ရှိလာပြီး အဆင့် ၃၅ ဆင့် တိုးတက်လာခဲ့ပါကြောင်း၊ ယင်းတိုးတက်မှုများသည် ထင်ရှားသော ရလဒ်ကောင်းများဖြစ်သည့်အတွက် ဆက်လက်ထိန်းသိမ်းသွားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ယနေ့ကမ္ဘာ့နိုင်ငံအများစုသည် e-Government ကို ကျော်လွန်ပြီး Digital Government ကို ဦးတည်လျှောက်လှမ်းနေကြပြီဖြစ်၍ မြန်မာနိုင်ငံသည်လည်း ယခုအချိန်မှစ၍ Digital Government ကို ဦးတည် ချဉ်းကပ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်သွားနိုင်ရန် အဓိကလိုအပ်ချက်တစ်ခုဖြစ်သော တစ်မျိုးသားလုံးနှင့် သက်ဆိုင်သည့် National Strategic Vision ကို ချမှတ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ကမ္ဘာတစ်ဝန်း လျင်မြန်စွာ ပြောင်းလဲတိုးတက်နေသည့် Digital World၊ New Digital trends များနှင့်အတူ နောက်ကျကျန်ခြင်းမရှိဘဲ လိုက်ပါဆောင်ရွက်နိုင်ရန် ယခင် e-Governance Master Plan ကို ဖြည့်စွက်မွမ်းမံပြင်ဆင်ပြီး ယခု Myanmar e-Governance Master Plan 2030 ရေးဆွဲခြင်းခဲ့ခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် ယခုမူကြမ်းတွင် မျှော်မှန်းချက်၊ ရည်ရွယ်ချက်များ၊ မဟာဗျူဟာများ၊ လုပ်ငန်းစဉ်မူဘောင်များကို ထည့်သွင်းရေးဆွဲထားပြီး ၂၀၃၀ ပြည့်နှစ်အထိ ကာလတို၊ ကာလရှည် အချိန်အပိုင်းအခြားအလိုက် ဆောင်ရွက်ရန်လုပ်ငန်းများ၊ တည်ဆောက်သွားသင့်သော နည်းပညာအခြေခံအဆောက်အဦများ၊ ရေးဆွဲပြဋ္ဌာန်းသင့်သော ICT ဆိုင်ရာ ဥပဒေ၊ မူဝါဒ၊ လမ်းညွှန်ချက်များနှင့် စံချိန်စံညွှန်း သတ်မှတ်ချက်များကိုလည်း ပြည့်စုံစွာထည့်သွင်းထားပါကြောင်း။

အဆိုပါ လုပ်ငန်းအစီအမံများကို ထိရောက်အကျိုးရှိစွာ စနစ်တကျ အကောင်အထည်ဖော်ဆောင်ခြင်းအားဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ ဦးတည်ချက် (၉) ရပ်ကို အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရေး အထောက်အပံ့ကောင်းဖြစ်စေပြီး ရေရှည်တည်တံ့ ခိုင်မြဲသော၊ ဆန်းသစ်တီထွင်မှုများနှင့် အားလုံးပါဝင်နိုင်သည့်အခြေအနေများကို လမ်းဖွင့်ပေးထားသော၊ နိုင်ငံတကာ/ အာဆီယံ အသိုက်အဝန်းများနှင့် ပေါင်းစည်းသော Digital Economy ဖွံ့ဖြိုးတိုးတက်မှုကို ရရှိလာမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့် အစီအမံတစ်ခုဖြစ်သည့် Myanmar e-Governance Master Plan 2030 မူကြမ်းအပေါ်တွင် ယခုအလုပ်ရုံဆွေးနွေးပွဲမှ ကောင်းမွန်သည့် အကြံပြုချက်များ၊ ရလဒ်ကောင်းများ ဖော်ထုတ်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၊ e-Government ဌာန၊ ညွှန်ကြားရေးမှူးက Myanmar e-Governance Master Plan 2030 (မူကြမ်း) တွင်ပါဝင်သော လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြခဲ့ပြီး တက်ရောက်လာသည့် အစိုးရအဖွဲ့အစည်းများ၏ Chief Information Officer (CIO) များက အကြံပြုဆွေးနွေးကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့မှ Chief Information Officer (CIO) များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး “Consultative Workshop on Myanmar e-Governance Master Plan 2030 (မူကြမ်း)” အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၅**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည့် ဒေါက်တာ မိုဟာမက် မွန်(န)ဝါ ဟူစိန် အား ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက သံအမတ်ကြီးအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားပြီး မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာရေး၊ နှစ်နိုင်ငံ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ပေါင်းစည်းချိတ်ဆက်မှုအပါအဝင် အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းကို စတင်အကောင်အထည်ဖော်နိုင်ရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာ အကျိုးတူကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီး ဒေါက်တာ မိုဟာမက် မွန်(န)ဝါ ဟူစိန် အား လက်ခံတွေ့ဆုံစဉ်။



# ရန်ကုန်မြို့၌ စာပေနှင့်သတင်းမီဒီယာဆိုင်ရာများအကြောင်း ဟောပြော

**ရန်ကုန် စက်တင်ဘာ ၅**

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် မြန်မာနိုင်ငံ စာရေးဆရာအသင်းတို့ ပူးပေါင်းပြီး စာပေနှင့် သတင်းမီဒီယာဆိုင်ရာများအကြောင်း ဟောပြောပွဲကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် မြန်မာနိုင်ငံ စာရေးဆရာအသင်း ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးများက သတင်းမီဒီယာကဏ္ဍ၏ အရေးကြီးမှု၊ သတင်းတု၊ သတင်းမှားများအား ခွဲခြားနိုင်စေရေးနှင့် စာပေရေးရာများကို ဟောပြောကြသည်။ (ဓာတ်ပုံ)

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် မြန်မာနိုင်ငံ စာရေးဆရာအသင်း၏ ဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ(၁) ဦးမျိုးထွန်း၊ အတွင်းရေးမှူး ဦးအောင်ပြည့်စုံ၊ တွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ဦး၊ ပုဇွန်တောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ပန်စုယဉ်၊ ပုဇွန်တောင်မြို့နယ် တာဝန်ခံမြို့နယ်ပညာရေးမှူး ဒေါ်မို့မို့ခင်နှင့် ပုဇွန်တောင်မြို့နယ်အတွင်းရှိ အခြေခံပညာ အထက်တန်းကျောင်းများမှ ကျောင်းသားကျောင်းသူ စုစုပေါင်း ၃၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Vinay Kumar ကို လက်ခံတွေ့ဆုံ



**နေပြည်တော် စက်တင်ဘာ ၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Vinay Kumar အား ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်ဒေသရှိ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ၊ တပ်မတော်နှစ်ရပ်အကြား လေ့ကျင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ အမြဲတမ်းအတွင်းဝန် ဗိုလ်မှူးချုပ် အောင်ကျော်ဟိုးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးနှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီများနှင့်တွေ့ဆုံ၍ မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့်စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းအခမ်းအနား ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၅**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီများနှင့်တွေ့ဆုံ၍ မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့်စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်း အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ယနေ့နံနက် ၉ နာရီခွဲက ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံးမှတာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။



အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ယခင်နိုင်ငံရေးပါတီများနှင့် လေးကြိမ် တွေ့ဆုံဆွေးနွေးပြီး နောင်ကျင်းပမည့် လွှတ်တော်ရွေးကောက်ပွဲများတွင် မြန်မာနိုင်ငံနှင့် သင့်လျော်ပြီး ရိုးရှင်းလွယ်ကူသည့် စာရင်းပိတ် အချိုးကျကိုယ်စားပြုစနစ် (Closed List–PR) ကို ပြောင်းလဲကျင့်သုံးရန် သဘောတူညီခဲ့ကြကြောင်း၊ အချိုးကျကိုယ်စားပြုစနစ်နှင့် ကိုက်ညီမည့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများကို ပြင်ဆင်ပြဋ္ဌာန်း ထုတ်ပြန်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံရေးပါတီများသည် နိုင်ငံတော်တာဝန်များကို ဦးဆောင်ပြီး ဆောင်ရွက်ရမည်ဖြစ်ရာ ခိုင်မာအားကောင်းသော အဖွဲ့အစည်းများဖြစ်ရန် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများကို အသစ်ပြဋ္ဌာန်း ထုတ်ပြန်ဆောင်ရွက်ခဲ့ကြောင်း။

ပြဋ္ဌာန်းထုတ်ပြန်ခဲ့သည့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီအဖြစ် ပြန်လည် မှတ်ပုံတင်ခွင့် လျှောက်ထားသည့် ပါတီ ၅၀ နှင့် ပါတီအသစ်တည်ထောင်ခွင့်လျှောက်ထားသည့်ပါတီ ၁၄ ပါတီ စုစုပေါင်း ၆၄ ပါတီရှိကြောင်း၊ ဥပဒေနှင့်အညီ ပြန်လည်မှတ်ပုံတင်ခွင့် လျှောက်ထားခြင်းမရှိသည့် နိုင်ငံရေးပါတီ ၄၀ မှာ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ်မှ အလိုအလျောက် ပျက်ပြယ်ပြီးဖြစ်ကြောင်း။

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် ပြန်လည်မှတ်ပုံတင်ခွင့်နှင့် အသစ်တည်ထောင်မှတ်ပုံတင်ခွင့်တင်ပြလာသည့် နိုင်ငံရေးပါတီ ၆၄ ပါတီကို ဥပဒေနှင့်အညီစိစစ်၍ မှတ်ပုံတင်ခွင့်ပြုလျက်ရှိကြောင်း၊ နိုင်ငံရေးပါတီအသစ် တည်ထောင်လိုသူများအနေဖြင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၃ အရ လျှောက်ထားနိုင်ပါကြောင်း။



ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က မဲစာရင်းပြုစုခြင်းနှင့် စိစစ်ခြင်းလုပ်ငန်းများ၌ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များကို ပါဝင်ဆောင်ရွက်ခွင့်ပြုသွားမည်ဖြစ်သည့်အတွက် မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးနှင့် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြစေလိုကြောင်း။

မဲဆန္ဒရှင်စာရင်းများပြုစုရာတွင် ပြည့်စုံမှန်ကန်ရေးနှင့် လျင်မြန်လွယ်ကူစေရေးအတွက် မဲဆန္ဒရှင်စာရင်းများ စီမံခန့်ခွဲမှုစနစ်ကို ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း၊ မဲပေးရာတွင် မဲမသမာမှုများ မဖြစ်စေရန်နှင့် မဲပေးရာတွင် မြန်ဆန်လွယ်ကူခြင်း၊ အချိန်တိုအတွင်း တိကျသောမဲရလဒ်များ ရရှိနိုင်ခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်း၊ ပယ်မဲမရှိခြင်း၊ မဲလက်မှတ်များ ရိုက်နှိပ်ရသည့် ကုန်ကျစရိတ်များ လျော့နည်းစေခြင်းတို့အတွက်ရည်ရွယ်ပြီး အီလက်ထရောနစ်မဲပေးစက် အသုံးပြုရေးကို ဆောင်ရွက်ခဲ့ကြောင်း။

မြန်မာအီလက်ထရောနစ်မဲပေးစက် အသုံးပြုမဲပေးခြင်းဖြင့် မဲဆန္ဒရှင်ပြည်သူများအတွက် ပိုမိုရှင်းလင်းလွယ်ကူပြီး မဲရလဒ်များကိုလည်း တိကျမှန်ကန်စွာဖြင့် မြန်ဆန်စွာ ရေတွက်နိုင်မည်ဖြစ်ကြောင်း၊ စက်အသုံးပြုမဲပေးသည့်အတွက် မဲလက်မှတ်များ ရိုက်နှိပ်ဖြန့်ဝေ ဆောင်ရွက်ရာတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုများ မဖြစ်ပေါ်နိုင်ခြင်း၊ ပယ်မဲများကြောင့် မဲဆန္ဒရှင်များ၏မဲများ အဟောသိကံဖြစ်မှုမရှိတော့ခြင်း၊ မဲလက်မှတ်ရိုက်နှိပ်မှုနှင့် မဲရုံသုံးပစ္စည်းဝယ်ယူကုန်ကျမည့် စရိတ်များကို လျှော့ချနိုင်ခြင်းစသည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း။

နိုင်ငံရေးပါတီများသည် ပြည်သူကို ကိုယ်စားပြုပြီး မိမိဒေသအကျိုး၊ မိမိတိုင်းရင်းသားများအကျိုးနှင့် နိုင်ငံတော်အကျိုးအတွက်ဦးဆောင်ဦးရွက်ပြုရမည့် အရေးပါသည့် အဖွဲ့အစည်းများ ဖြစ်ပါကြောင်း၊ နိုင်ငံတော်ကို ဦးဆောင်ဦးရွက်ပြုရမည့် နိုင်ငံရေးပါတီများ၏ ပါတီဝင်အင်အား၊ ပါတီရန်ပုံငွေနှင့် ပါတီရုံးများသည် သတ်မှတ်ချက်များနှင့်အညီ ခိုင်မာတောင့်တင်းရန်လိုကြောင်း၊ အချိုးကျ ကိုယ်စားပြုစနစ်ဖြင့် ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲများတွင် နိုင်ငံရေးပါတီများသည် မိမိတို့၏ စည်းရုံးဆောင်ရွက်နိုင်မှုအပေါ်မူတည်ပြီး ရရှိမည့်ဆန္ဒမဲအပေါ်မူတည်၍ ကိုယ်စားလှယ်များ အချိုးကျ ရရှိမည်ဖြစ်သဖြင့် တိုင်းရင်းသားပါတီများအနေဖြင့်လည်း မိမိနယ်မြေဒေသအလိုက် ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးကဏ္ဍများ၌ မိမိတို့လူမျိုးစုများနှင့် ပြည်သူ့အကျိုးပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးဖော်ဆောင်ရာတွင် ပြည်သူလူထုနှင့် နိုင်ငံတော်အတွက် မှန်ကန်ခိုင်မာစွာ ရပ်တည်ဆောင်ရွက်နိုင်သည့် နိုင်ငံရေးပါတီများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးညီညီလွင် က မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) နှင့်စပ်လျဉ်း၍ Power Point ဖြင့် အသေးစိတ်ရှင်းလင်းဆွေးနွေးတင်ပြပြီး တက်ရောက်လာသော နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များက မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) အသုံးပြု၍ လက်တွေ့ဆန္ဒမဲပေးခဲ့ကြသည်။ **(ဝဲပုံ)**

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အဆင့်ဆင့်တို့မှ အရာထမ်း ၆၆ ဦး၊ နိုင်ငံရေးပါတီ ၃၅ ပါတီမှ ကိုယ်စားလှယ် ၁၂၄ ဦး၊ ပြည်တွင်းနှင့် နိုင်ငံတကာ သတင်းမီဒီယာ ၆၆ ဦး စုစုပေါင်းအင်အား ၂၅၆ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ဧရာဝတီတိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော်  စက်တင်ဘာ ၅**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် သည် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မိုးမင်းနိုင်၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည့် ပြင်ရွာကျေးရွာမှ လပွတ်ကုလားကျေးရွာသို့ ဆက်သွယ်သည့် ကျေးရွာချင်းဆက် ကွန်ကရစ်လမ်း ၁ မိုင် ဖောက်လုပ်ပြီးစီးမှုနှင့် အဆိုပါလမ်းပိုင်းတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ခွင့်ပြုရန်ပုံငွေဖြင့် ကွန်ကရစ်လမ်း ၁ မိုင် ၀ ဒသမ ၄ ဖာလုံ ဆက်လက်ဖောက်လုပ်မည့် လုပ်ငန်းခွင်သို့ ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ ယခုဖောက်လုပ်ပေးခဲ့သော လမ်းပိုင်းသည် ဒေသခံလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်သဖြင့် လမ်းရေရှည်တည်တံ့ ကောင်းမွန်စေရေးအတွက် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြရန် မှာကြား၍ လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် သမိုင်းဝင် ကျိုက်မောင်းစေတီတော်အား ဖူးမြော်၍ သံဃာတော်များကို လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပုသိမ်မြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ ထို့နောက် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး ဦးစီးမှူးရုံးနှင့် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းတို့မှ တိုင်းဦးစီးမှူးနှင့် နည်းပြများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံကာလုပ်ငန်းလိုအပ်ချက်များမှာကြား၍ ချီးမြှင့်ထောက်ပံ့ငွေများပေးအပ်ကာ သင်တန်းသူများ ချုပ်လုပ်ထားသည့် လက်ရာများ၊ စာကြည့်တိုက်၊ လက်တွေ့သင်ကြားနေမှု၊ အိပ်ဆောင်၊ စားရိပ်သာ၊ စတိုဆောင်၊ မော်တာဆောင်နှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် တည်ဆောက်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် လပွတ္တာမြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှု ပညာသင်တန်းကျောင်းသို့ ရောက်ရှိပြီး သင်တန်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် သင်တန်းသားများ၏ အလုပ်အကိုင်ရရှိမှု၊ တစ်နေ့တာလုပ်ရှား ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ၊ လက်ကိုင်ဖုန်းပြင်သင်တန်း **(အပေါ်ပုံ)**၊ လျှပ်စစ်သင်တန်း၊ ဂဟေသင်တန်း၊ မော်တော်ယာဉ်စက်ပြင်သင်တန်း၊ ဆောက်လုပ်ရေးသင်တန်းများတွင် လက်တွေ့သင်ကြားနေမှုကို လှည့်လည်ကြည့်ရှုပြီး ခေတ်မီသင်ထောက်ကူပစ္စည်းများ ဖြည့်တင်းသင်ကြားပေးသွားရန်နှင့် သင်တန်းပြီးဆုံးချိန်တွင် အလုပ်အကိုင်ရရှိရေး တစ်ဆက်တည်း ဖန်တီးဖော်ဆောင်ပေးနိုင်ရေး မှာကြား၍ သင်တန်းသားများ လက်တွေ့ဆောင်ရွက်ထားသည့် ထုတ်ကုန်ပစ္စည်းများကိုလည်းကောင်း၊ သင်တန်းကျောင်းဝင်းအတွင်း သင်တန်းသား စားသောက်နေထိုင်မှု အခြေအနေ၊ စာကြည့်တိုက်၊ မိုးရေစုကန်အတွင်း မိုးရေသိုလှောင်ထားရှိမှု၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် တည်ဆောက်ရေးလုပ်ငန်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် လပွတ္တာမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း သင်တန်းကျောင်းခန်းမ၌ ကျောင်းအုပ်များက သင်တန်းကျောင်းဆိုင်ရာ အချက်အလက်များ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ ဆက်လက်၍ သင်တန်းကျောင်း နှစ်ကျောင်းမှ ဝန်ထမ်းများ၊ သင်တန်းသား သင်တန်းသူများနှင့်တွေ့ဆုံ၍ ချီးမြှင့်ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း (လပွတ္တာ) ၌ သင်တန်းသူများ ချုပ်လုပ်ထားရှိသည့် လက်ရာများ၊ စာကြည့်တိုက်၊ သင်တန်းသူများ လက်တွေ့သင်ကြားနေမှု၊ အိပ်ဆောင်၊ စားရိပ်သာ၊ စတိုဆောင်၊ မော်တာဆောင်နှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး သင်တန်းဆင်းပြီးချိန်၌ သင်တန်းသူများ အလုပ်အကိုင်ရရှိရေးအတွက် တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း၏ ရန်ကုန်-မန္တလေး-နိုဗိုဆီဘာရစ် ခရီးစဉ် စတင်ပျံသန်းခြင်း အခမ်းအနားကျင်းပ တစ်ပတ်လျှင် နှစ်ကြိမ် (အင်္ဂါနေ့နှင့် စနေနေ့) တို့တွင် ပုံမှန်ပျံသန်းမည်

ရန်ကုန်  စက်တင်ဘာ ၅

**အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း၏ ရန်ကုန်-မန္တလေး-နိုဗိုဆီဘာရစ် ခရီးစဉ်စတင်ပျံသန်းခြင်း အခမ်း အနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကျင်းပသည်။**

အခမ်းအနားသို့ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ရန်ကုန်မြို့ အခြေစိုက် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ သံရုံးမှ သံရုံးယာယီ တာဝန်ခံ Mr. Pavel Klapukov၊ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ရှိ အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းများမှ အရာထမ်းများ/အမှုထမ်းများ၊ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းနှင့် လေကြောင်းလိုင်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ Yangon Aerodrome Company Limited မှ CEO နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဧည့်သည်တော်များ တက်ရောက်ကြသည်။




ဖွင့်ပွဲ အခမ်းအနားတွင် ဒုတိယဝန်ကြီးက မြန်မာနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တို့သည် နှစ်နိုင်ငံအကြား အပြန်အလှန် လေကြောင်း ကွန်ရက်ချိတ်ဆက်မှုကို ဆောက်ရွက်နိုင်ရန်အတွက် လေကြောင်းပို့ဆောင်ရေးသဘောတူညီချက်တစ်ရပ်ကို ၁၉၇၀ ပြည့်နှစ်က လက်မှတ်ရေးထိုးခဲ့ကြပြီး လေကြောင်းပို့ဆောင်ရေး သဘောတူညီချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ Aeroflot လေကြောင်းလိုင်းက ရန်ကုန်-မော်စကိုအသွားအပြန် တိုက်ရိုက်လေကြောင်း ခရီးစဉ်များကို ၁၉၇၉ ခုနှစ်မှ ၁၉၉၂ ခုနှစ်အထိ ပျံသန်းခဲ့ပါကြောင်း၊ ယခုအခါအပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းက ရန်ကုန်-မန္တလေး-နိုဗိုဆီဘာရစ် တိုက်ရိုက်ခရီးစဉ် ဖွင့်လှစ်ပျံသန်းခြင်းဖြင့် နှစ်နိုင်ငံအကြား လေကြောင်းကွန်ရက် ချိတ်ဆက်မှုကို ပြန်လည်သက်ဝင်စေတော့မည်ဖြစ်ကြောင်း၊ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းက စတင်ပျံသန်းသည့် လေကြောင်းခရီးစဉ်သစ်သည် မြန်မာနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တို့အကြား အနီးကပ်ပူးပေါင်း ဆောင်ရွက်မှုမှာ ပဓာနကျသည့် ရှေ့ခြေလှမ်းသစ်တစ်ရပ်ဖြစ်ကြောင်း၊ မြန်မာ-ရုရှားလေကြောင်း ကွန်ရက်ချိတ်ဆက်မှုမှတစ်ဆင့် နှစ်နိုင်ငံအကြား အဓိကကျသော ခရီးသွားလုပ်ငန်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးမြင့်မားလာနိုင်ပြီး ကဏ္ဍအားလုံးတွင် ရင်းနှီးစွာပူးပေါင်းဆောင်ရွက်မှုများ ရှိလာနိုင်မည်ဖြစ်၍ နိုင်ငံ့စီးပွားဖွံ့ဖြိုး တိုးတက်မှုအတွက် များစွာအထောက်အကူပြုမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း၏ ရန်ကုန်-မန္တလေး-နိုဗိုဆီဘာရစ် ခရီးစဉ်ပြေးဆွဲခြင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ **(ဝဲပုံ)**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်သည် ပြည်တွင်းပြည်ပခရီးသွား ဧည့်သည်များ မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများကို လွယ်ကူစွာ သိရှိနိုင်ရန်အတွက် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်အတွင်း၌ ဖွင့်လှစ်ထားသော ဟိုတယ်နှင့် ခရီးသွားလာရေးသတင်းပြန်ကြားရေးကောင်တာသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းအနေဖြင့် ရန်ကုန်၊ မန္တလေးမြို့များနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံရှိ နိုဗိုဆီဘာရစ်မြို့အကြား တိုက်ရိုက်ခရီးစဉ်ကို တစ်ပတ်လျှင် နှစ်ကြိမ် (အင်္ဂါနေ့နှင့် စနေနေ့) တို့တွင် ပုံမှန်ပျံသန်းမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ပုလောမြို့နယ်၌ မိုးစပါးစိုက်ပျိုးရေး (မြစိမ်းရောင်) စီမံကိန်း မတည်ချေးငွေများ ထုတ်ချေး

**ပုလော  စက်တင်ဘာ ၅**

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် သမဝါယမဦးစီးဌာနရှိ မိုးစပါးစိုက်ပျိုးသူ တောင်သူများ အသင်းဝင်များကို နိုင်ငံစီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် မိုးစပါးစိုက်ပျိုးရေး (မြစိမ်းရောင်) စီမံကိန်း မတည်ချေးငွေဖြင့် ငွေကျပ် ၄၇၆ သိန်း ထုတ်ချေးပေးခြင်း အခမ်းအနားကို ယမန်နေ့က ပုလောမြို့နယ် သမဝါယမဦးစီးဌာန၌ ပြုလုပ်သည်။

အခမ်းအနားတွင် ပုလောမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးခင်မောင်စိုးက အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးမှူး ဒေါ်ညွန့်ညွန့်ဝေက ချေးငွေထုတ်ချေးပေးရခြင်း ရည်ရွယ်ချက်ကို ပြောကြားသည်။

ပုလောမြို့နယ် သမဝါယမဦးစီးဌာနရှိ အသင်းစုများထဲမှ မိုးစပါးစိုက်ပျိုးတောင်သူ ၃၄ ဦး၏ မိုးစပါးစိုက်ဧက ၂၃၈ ဧကအတွက် သွင်းအားစုနှင့် မျိုးစပါးများ ဝယ်ယူနိုင်ရန် တစ်ဧကလျှင် ငွေကျပ် နှစ်သိန်းနှုန်းကို အတိုးနှုန်း ၁ ကျပ်နှုန်းဖြင့် ထုတ်ချေးပေးခြင်းဖြစ်ကြောင်း သိရသည်။ **အေးအေးမော် (ပုလော)**

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား စိတ်အေးချမ်းသာစွာဖြင့် အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြသူများ စည်ကားလျက်ရှိ



နေပြည်တော် စက်တင်ဘာ ၅

**ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရဟန်း၊ ရှင်လူ ဘုရားဖူးပြည်သူအပေါင်း အခမဲ့ လာရောက်ဖူးမြော်နိုင်ရန် ဩဂုတ် ၈ ရက်မှ စတင်၍ နံနက် ၆ နာရီမှ ည ၈ နာရီအတွင်း ဖွင့်လှစ်ထားရှိရာ ယနေ့ စက်တင်ဘာ၅ ရက်တွင်လည်း အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာ ရဟန်း၊ ရှင်လူ ပြည်သူများဖြင့် ဗုဒ္ဓဥယျာဉ်ပရိဝုဏ်အတွင်း စည်ကားလျက်ရှိသည်။**

ယနေ့တွင် ရာသီဥတုသာယာသည့်အားလျော်စွာ အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ဘုရားဖူးခရီးသည်များသည် နံနက် ၆ နာရီ စတင်ဖူးမြော်ခွင့်ရသည့်အချိန်မှစတင်၍ တဖွဲဖွဲရောက်ရှိလာခဲ့ကြသည်။ နံနက်ပိုင်းမှစတင်၍ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ယာဉ်ကြောရှင်းလင်းခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ဘုရားဖူးခရီးသွားများ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း သွားလာမှုလွယ်ကူစေရန်အတွက် စီစဉ်ပေးထားသည့် ဘက်ဂီမော်တော်ယာဉ်ငယ်များမှာလည်း အသက်အရွယ်ကြီးရင့်သူများနှင့် ကျန်းမာရေးမကောင်းသူများကို အခမဲ့ ပို့ဆောင်ပေးလျက်ရှိသကဲ့သို့ ခြေကျင်ဝင်ရောက်သည့် ဘုရားဖူးခရီးသည်များဖြင့် စည်ကားလျက်ရှိသည်။

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ဗုဒ္ဓဘာသာဝင်အပေါင်းတို့က စိတ်အေးချမ်းသာစွာဖြင့် ဖူးမြော်ကြည်ညိုခြင်း၊ တရားဘာဝနာပွားများခြင်းနှင့် ဘာသာရေးအသင်းအဖွဲ့များက မိမိတို့အစီအစဉ်များဖြင့် စုပေါင်းရွတ်ဖတ်ပူဇော်နေကြခြင်းတို့ကိုလည်း တွေ့ရှိရသည်။

မန္တလေးမြို့ရှိ အတုမရှိကျောင်းတော်ကြီး၏ပုံစံတူ ပဋ္ဌာန်းဒေသနာတော်မြတ်အား ရည်စူး၍ အနုပညာလက်ရာကျွဲပြားသည့် ဂန္ဓကုဋိတိုက် ၂၄ ဆောင်တို့တွင်လည်း ဘုရားဖူးခရီးသည်များက ဘုရားဖူးမြော်လျက်ရှိသည်။ မာရဝိဇယဘုရားကြီးရင်ပြင်တော်ပေါ်ရှိ သဒ္ဓါမိပတိခေါင်းလောင်းတော်ကြီးအား တီးခတ်၍ ကုသိုလ်အဖို့ဘာဂ အမျှဝေကြသူများ၊ ဘုရားရင်ပြင်တော် အောင်မြေပေါ်တွင် အဓိဋ္ဌာန်ဆုတောင်း ဖူးမြော်ကြသူများအပြင် ရင်ပြင်တော်ပေါ်နှင့် ဗောဓိညောင်ပင်၊ လင်းလွန်းပင်နှင့် လုမ္ဗိနီအင်ကြင်းပင်ပျိုများအနီး အစုအဖွဲ့အလိုက်၊ မိသားစုလိုက် အမှတ်တရ ဓာတ်ပုံရိုက်ကူးကြသူများဖြင့်လည်း စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

ထို့ပြင် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီနှင့် တပ်မတော်သား အင်ဂျင်နီယာများ၊ ကျွမ်းကျင်ဗိသုကာပညာရှင်များ၏ လက်ရာတို့ဖြင့် တည်ဆောက်ထားသည့် ပိဋကတ်သုံးပုံကို ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ရေးထိုးထားသည့် ကျောက်စာများနှင့် ကျောက်စာရုံစေတီ အဆူ ၇၂၀ တို့ကို ဘုရားဖူးများ စိတ်ပါဝင်စားစွာဖြင့် ဖူးမြော်ကြည်ညိုကြသည်ကိုလည်း မြင်တွေ့ရသည်။ ဆရာတော်၊ သံဃာတော် မထေရ်မြတ်တို့၏ ဩဝါဒဖြင့် တည်ထားကိုးကွယ်သည့် မုစလိန္ဒကန်နှင့် နဂါးရုံဘုရားတို့တွင်လည်း ရဟန်း ရှင်လူ ပြည်သူများက ဘုရားဖူးရင်း အပန်းလည်းပြေစေနိုင်မည် ဖြစ်ပါသည်။

ထို့အတူ မာရဝိဇယရုပ်ပွားတော်မြတ်ကြီး၏ အခြံအရံကုသိုလ်တော်တစ်ခုဖြစ်သည့် အဂ္ဂါဓိပတိသာသနဓဇမာန်တော်ကြီးကိုလည်း အများပြည်သူတို့ လေ့လာကြည်ညိုနိုင်ရန် စီစဉ်ပေးထားသည်။ ဘုရားဖူးလာရောက်ကြသူများသည် ၂၅၅ ဧက ကျယ်ဝန်းသည့် ဗုဒ္ဓဥယျာဉ်တော်ကြီးအတွင်းရှိ ရေပန်းရင်ပြင်များတွင်လည်းကောင်း၊ ကျွမ်းကျင်ပညာရှင်များက အဆင့်အတန်းမြင့်မားစွာ တည်ဆောက်ထားသည့် သုဓမ္မာဇရပ်ခြောက်ဆောင်တို့တွင်လည်းကောင်း စည်ကားများပြားစွာ ဘုရားဖူး အပန်းဖြေလျက်ရှိသည့်အပြင် အလှူခံဌာနရှိရာ မဏ္ဍပ်တွင်လည်း အလှူရှင်များက ကြည်ညိုသဒ္ဓါထက်သန်စွာဖြင့် လှူဒါန်းခဲ့ကြသည်ကို တွေ့ရသည်။

အဆိုပါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြည်ညိုကြသူများကို အခမဲ့ဖူးမြော်ခွင့်ပေးထားပြီး ယနေ့မှစ၍ ဗုဒ္ဓဥယျာဉ်တော်အတွင်း ဝင်ရောက်ချိန်တွင် ကင်မရာပါသည့် ဖုန်း၊ အခြားဗီဒီယိုမှတ်တမ်းများ ရိုက်ကူးခြင်းနှင့် အပျော်တမ်းကင်မရာ ရိုက်ကူးခြင်းများကို ထိုက်သင့်သည့် နှုန်းထားဖြင့် အခကြေးငွေကောက်ခံကာ ယူဆောင်ခွင့်ပြုထားရှိကြောင်း၊ ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ ယာဉ်ရပ်နားရန်နေရာတွင် ဝင်ရောက်ရပ်နားမည့် ကိုယ်ပိုင်ယာဉ်ငယ်များ၏ ယာဉ်ရပ်နားခကိုလည်း ထိုက်သင့်သည့် ရပ်နားခနှုန်းထားများဖြင့် ဝင်ရောက်ခွင့်ပြုထားကြောင်းနှင့် မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်အား နေ့စဉ် နံနက် ၆ နာရီမှ ည ၈ နာရီ အတွင်း ဖွင့်လှစ်ထားရှိကြောင်း သိရသည်။

**ဟိန်းထက်ဇော်(မြန်မာ့အလင်း)**
**ဓာတ်ပုံ – အိမ့်ဘီလီယံမောင်**


# ကင်မရာပါတဲ့ ဖုန်းတစ်လုံးကို ငွေကျပ် ၁၀၀၀ သတ်မှတ်ကောက်ခံတာဟာ မများတဲ့ အလှူငွေလေးပါ။ ဘုရားကြီး ဘက်စုံပြုပြင်မွမ်းမံဖို့အတွက် ကုသိုလ်ပြုလှူဒါန်းရတာနဲ့ အတူတူပါပဲ

မလှိုင်

နေပြည်တော် စက်တင်ဘာ ၅

**ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း တည်ထားသော ကမ္ဘာ့ဉာဏ်တော်အမြင့်ဆုံး ထိုင်တော်မူဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဩဂုတ် ၈ ရက်မှစတင်၍ ရဟန်း၊ ရှင်လူအများပြည်သူတို့ အခမဲ့လာရောက်ဖူးမြော်နိုင်ရန် ဖွင့်လှစ်ထားရှိခဲ့သည်။ စက်တင်ဘာ ၄ ရက်တွင် ဘုရားဖူးပြည်သူများ အခမဲ့ဖူးမြော်နိုင်ပြီး ကင်မရာပါရှိသည့် လက်ကိုင်ဖုန်းများကို ဘုရားကြီးဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူတော်ငွေကျပ် ၁၀၀၀ ဖြင့် ကောက်ခံ၍ ဝင်ခွင့်ပြုခဲ့ရာ လာရောက်ဖူးမြော်ကြည်ညိုကြသူများလည်း စည်ကားလျက်ရှိသည်ကို မြင်တွေ့ရသည်။**

ယနေ့ အနယ်နယ်အရပ်ရပ်မှ ဘုရားကြီးသို့ လာရောက်ဖူးမြော်သူများ၏ ပီတိစကားများ၊ အနုမောဒနာသာဓုခေါ်သံများနှင့် သဘောထားအမြင်များကို စုစည်းဖော်ပြလိုက်ပါသည်။



ဦးဇဝန



ဦးဘိုတောက်



မလှိုင်

**ဦးဇဝန**
**(ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်)**

မာရဝိဇယ ဘုရားကြီးကို ကြည်ညိုလွန်းလို့၊ ဖူးမြော်ချင်လွန်းလို့ အဝေးကြီးကနေ လာရောက်ခဲ့ရတာဖြစ်ပါတယ်။ ဘုရားကြီးက အလွန်ပဲသပ္ပာယ်သလို အင်မတန်မှလည်း ကြည်ညိုဖွယ်ကောင်းပါတယ်။ ဘုရားကြီးတည်ထားဖို့ ဦးဆောင်ခဲ့တဲ့ ဘုရားဒကာကလည်း အချိန်တိုအတွင်းမှာ စွမ်းစွမ်းတမံနဲ့ ကြိုးစားခဲ့တာတွေကိုလည်း မျက်ဝါးထင်ထင် တွေ့မြင်နေရပါတယ်။ ၂၄ ပစ္စည်းကို ဂန္ဓကုဋိတိုက် ၂၄ တိုက်နဲ့ တစ်ခုချင်း သေသေချာချာအနုစိတ်ပြီး အကြောင်းအကျိုးဆက်စပ်ပြထားတာတွေ၊ ဓာတ်တော်တွေ တစ်ခုနဲ့တစ်ခု ချိတ်ဆက်ပြထားတာတွေကို တစ်နေရာမှ မတွေ့ဖူးသေးတဲ့ စကျင်ကျောက်တွေနဲ့ တည်ဆောက်ထားတာအပြင် မြန်မာမှုလက်ရာတွေ၊ အင်ဂျင်နီယာ စွမ်းပကားတွေကလည်းပဲ အံ့ဩမှင်တက်စေပါတယ်။

**ဦးဘိုတောက်**
**(လယ်ဝေးမြို့နယ်၊ အေးချမ်းသာကျေးရွာ)**

ဘုရားကြီးပရိဝုဏ်ထဲ ဝင်ဝင်ချင်း မာရဝိဇယဘုရားကြီးရဲ့ ရင်ပြင်တော်ပေါ်ကို အရင်တက်ရောက်ပြီး ဘုရားကြီးကို ဖူးမြော်ပါတယ်။ အချိန်ပေးပြီးတော့ ဖူးမြော်ဖြစ်ပါတယ်။ ဘုရားကြီးဖူးလို့ အားရကျေနပ်မှ ဂန္ဓကုဋိတိုက်တွေကို လေ့လာပါတယ်။ ဂန္ဓကုဋိတိုက်အတွင်း ဝင်လိုက်တဲ့အခါ အေးအေးချမ်းချမ်းနဲ့ စကျင်ကျောက်တွေရဲ့ ဂုဏ်သတ္တိကို ပိုမိုသိရှိလာပါတယ်။ ဓာတ်နိပါတ်တော်တွေ လေ့လာတဲ့အခါ ဗဟုသုတတွေအများကြီး ရရှိခဲ့ပါတယ်။

**မလှိုင် (ပျော်ဘွယ်မြို့နယ်)**

ကျွန်မတို့ အားလုံးပေါင်း ၂၃ယောက်နဲ့ မာရဝိဇယဘုရားကြီးကို လာရောက်ဖူးမြော်ကြတာပါ။ ဘုရားကြီးက အခမဲ့ဝင်ခွင့်ပြုပါတယ်။ ကင်မရာပါတဲ့ ဖုန်းတစ်လုံးကို ငွေကျပ် ၁၀၀၀ သတ်မှတ်ထားပါတယ်။ ငွေကျပ် ၁၀၀၀ ဆိုတာ မများတဲ့ အလှူငွေပါ။ ဘုရားကြီးရဲ့ ဘက်စုံ ပြုပြင်မွမ်းမံဖို့အတွက် ကုသိုလ်ပြုလှူဒါန်းရတာနဲ့ အတူတူပါပဲ။ ဘုရားကြီးကို ကြည်ညိုလွန်းလို့၊ ဖူးမြော်ချင်လွန်းလို့ အဝေးကြီးကနေ ငွေကြေးအကုန်အကျခံပြီး လာခဲ့ရတာသေးတာ ဒီအလှူငွေကျပ် ၁၀၀၀ ဆိုတာ မများတဲ့ အလှူငွေလေးပါ။ ဘုရားကြီးကို လာရောက်ဖူးမြော်ကြတဲ့ ပြည်သူတွေအနေနဲ့ မတော်တဆ အမှိုက်ကျန်ခဲ့တာတွေကို အမြဲသန့်ရှင်းအောင် သန့်ရှင်းရေးဝန်ထမ်းတွေအနေနဲ့ အမှိုက်တွေကို စနစ်တကျနဲ့ အမြဲသန့်ရှင်းနေအောင် မနားတမ်း ဆောင်ရွက်နေကြတာလည်း တွေ့ရပါတယ်။ ဒါတွေကို လုပ်ခလစာထောက်ပံ့နိုင်ဖို့ ဒီလို အလှူငွေလေးတွေက အကျိုးပြုနိုင်မယ်လို့ ထင်မြင်မိပါတယ်။ ဒီအတွက်ကြောင့်လည်း ကင်မရာပါတဲ့ဖုန်းတစ်လုံးကို အလှူငွေကျပ် ၁၀၀၀ ဆိုတာ ဖြစ်သင့်ပါတယ်။ ဘုရားကြီးကို နောက်ထပ်တစ်ကြိမ်မက လာရောက်ဖူးမြော်ပါဦးမယ်။ စိတ်နှလုံးအေးချမ်းမှုတွေ ရရှိခံစားရပါတယ်။ ကျွန်မလိုပဲ ထပ်တူခံစားစေချင်တဲ့အတွက် ဘုရားကြီးကို လာရောက်ဖူးမြော်ကြည်ညိုကြပါလို့ တိုက်တွန်းနှိုးဆော်လိုက်ပါတယ်။

**ဟိန်းထက်ဇော် (မြန်မာ့အလင်း)**
**ဓာတ်ပုံ- အိမ့်ဘီလီယံမောင်**

# The Global New Light of Myanmar နှင့် ရုရှားနိုင်ငံ SPUTNIK Information Agency တို့အကြား သတင်းအချက်အလက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်း သဘောတူစာချုပ် ချုပ်ဆိုခြင်းအခမ်းအနား ကျင်းပ

နေပြည်တော် စက်တင်ဘာ ၅

**ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း The Global New Light of Myanmar နှင့် ရုရှားနိုင်ငံ SPUTNIK Information Agency တို့အကြား သတင်းအချက်အလက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်း သဘောတူစာချုပ် ချုပ်ဆိုခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းက နေပြည်တော်ရှိ Horizon Lake View ဟိုတယ်၌ ကျင်းပသည်။ (ယာပုံ)**



သဘောတူစာချုပ် ချုပ်ဆိုပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် စာတည်းမှူးချုပ်များ၊ SPUTNIK Information Agency အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ညွှန်ကြားရေးမှူး Mr. Vasily Pushkov နှင့် အဖွဲ့ နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း က အမှာစကားပြောကြားရာ၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ နိုင်ငံတကာသတင်းဌာန တစ်ခုဖြစ်သည့် Rossiya Segodnya (Sputnik) နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ အင်္ဂလိပ်သတင်းစာ The Global New Light of Myanmar တို့သည် ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုခိုင်မာစေရေး ရည်ရွယ်ချက်ဖြင့် သတင်းမီဒီယာကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှု တိုးတက်စေရေးအတွက် သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးကြမည်ဖြစ်ပါကြောင်း။

ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံ၏ သံတမန်ဆက်ဆံရေးကို ကြည့်လျှင် ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်နေ့က စတင်ခဲ့ပြီး ယခုဆိုလျှင် (၇၅)နှစ်စိန်ရတုကိုပင် လွန်မြောက်လာခဲ့ပြီဖြစ်ပါကြောင်း၊ ဆက်သွယ်ဆက်ဆံရေး အစပြုခဲ့ချိန်မှစပြီး အစဉ်အလာ ကောင်းခဲ့သည့် မြန်မာ - ရုရှား ဆက်ဆံရေးသည် အချိန်ကြာလာသည်နှင့်အမျှ ယုံကြည်မှု၊ အပြန်အလှန် အကျိုးရှိသော ပူးပေါင်းဆောင်ရွက်မှုများကို အခြေခံပြီး နှစ်နိုင်ငံအကျိုးစီးပွားအတွက် မဟာဗျူဟာမြောက် ဘက်စုံဆက်ဆံရေးကို ထူထောင်လျက် ရှိသည်ကိုလည်း တွေ့မြင်ရမည်ဖြစ်ပါကြောင်း။

ဤကဲ့သို့ ဆက်ဆံရေးမျိုးရှိရန်ဆိုသည်မှာ တစ်နိုင်ငံနှင့် တစ်နိုင်ငံအကြား စိတ်ရင်းစေတနာ မှန်ကန်စွာ ဆက်ဆံနိုင်မှုနှင့် မိတ်ဝတ်မပျက် ဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်မှုများကို ထိန်းသိမ်းထားနိုင်လို့ပင် ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံတို့ ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံပတ်သက်နေမှုသည် ကမ္ဘာ့ငြိမ်းချမ်းရေး၏ ပြယုဂ်တစ်ခုအဖြစ် ကမ္ဘာကြီးကို သက်သေပြနေခြင်းပင် ဖြစ်ပါကြောင်း။

မြန်မာ-ရုရှား ဆက်ဆံရေးသည် ၁၉၉၀ ပြည့်လွန်နှစ်များတွင် ပိုမိုအားကောင်းခဲ့သကဲ့သို့ ၂၀၁၁ ခုနှစ်တွင် သိသိသာသာ အရှိန်အဟုန်မြင့်လာခဲ့ပြီး ၂၀၂၂ ခုနှစ် တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ရုရှားနိုင်ငံခရီးစဉ်မှစပြီး နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်မည့် အစီအစဉ်များကို ချမှတ်နိုင်ခဲ့ပါကြောင်း။

**နည်းပညာလေ့လာခွင့်ရမည်**

အခုကဲ့သို့ နိုင်ငံတကာ အဆင့်အတန်းမီပြီး ဂုဏ်သိက္ခာရှိသည့် သတင်းအေဂျင်စီတစ်ခုနှင့် ပူးပေါင်းဆောင်ရွက်နိုင်မှုကြောင့် မြန်မာမီဒီယာသမားများအတွက် အားတစ်ခုဖြစ်စေပြီး သတင်းရေးသား တည်းဖြတ်မှုများ၊ ဓာတ်ပုံရိုက်ကူးမှု နည်းပညာတို့ကိုပါ လေ့လာခွင့်ရရှိမည်ဖြစ်ပါကြောင်း၊ စာနယ်ဇင်းအတတ်ပညာဆိုင်ရာများကို နှစ်ဖက်အပြန်အလှန် လေ့လာခွင့်ရမည်လည်း ဖြစ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ညီရင်းအစ်ကိုတမျှ ဆက်ဆံရေး ခိုင်မာလျက်ရှိပြီး ချစ်ကြည်ရင်းနှီးကြသည့် မြန်မာ-ရုရှားဆက်ဆံရေးကို အကြောင်းပြုပြီး ယခုစာချုပ် ချုပ်ဆိုကြမည့် စာချုပ်ဝင်များက သတင်းပြန်ကြားရေးနယ်ပယ် ဖွံ့ဖြိုးတိုးတက်ရေး၊ ယဉ်ကျေးမှု၊ လူသားချင်းစာနာမှု၊ အားကစား၊ စီးပွားရေးနှင့် နိုင်ငံရေးဆိုင်ရာ သတင်းများ ရေးသားတင်ပြနိုင်ရေး၊ သတင်းစီးဆင်းမှု ပိုမိုသွက်လက်ရေးနှင့် နှစ်နိုင်ငံပြည်သူများအကြား နားလည်မှု၊ ထပ်တူကျမှုတို့ ရရှိစေရေးဆိုသည့် ရည်ရွယ်ချက်များ အောင်မြင်အောင် စီမံဆောင်ရွက်နိုင်ကြပါစေကြောင်းနှင့် ရုရှား-မြန်မာ ညီရင်းအစ်ကို ဆက်ဆံရေး ထာဝရတည်မြဲပါစေ၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် သတင်းမီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု အစွန့်ရှည်ဖြစ်ထွန်းပါစေ .. ဟု ဆုမွန်ကောင်း တောင်းပါကြောင်း ပြောကြားသည်။

ထို့နောက် SPUTNIK Information Agency အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ညွှန်ကြားရေးမှူး Mr. Vasily Pushkov က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

**သဘောတူစာချုပ်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ရှေ့မှောက်၌ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ၊ The Global New Light of Myanmar ၏ Board of Director ဥက္ကဋ္ဌ ဦးသက်ဆွေနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ SPUTNIK Information Agency အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ညွှန်ကြားရေးမှူး Mr. Vasily Pushkov တို့က သတင်းအချက်အလက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းသဘောတူ စာချုပ်ကို လက်မှတ်ရေးထိုးပြီး **(အောက်ဝဲပုံ)** အပြန်အလှန် လဲလှယ်ကြသည်။




ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် SPUTNIK Information Agency အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ညွှန်ကြားရေးမှူးတို့က အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြသည်။

ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တေးသံရှင်များက မြန်မာ၊ ရုရှားနှင့် အင်္ဂလိပ်တေးသီချင်းများဖြင့် ဖျော်ဖြေသီဆိုကြသည်။

ယင်းနောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တေးသံရှင်များအား SPUTNIK Information Agency အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ညွှန်ကြားရေးမှူးက ဂုဏ်ပြုပန်းခြင်းကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုဆုငွေကို လည်းကောင်း ပေးအပ်ခဲ့ကြသည်။

ယနေ့ The Global New Light of Myanmar သတင်းစာနှင့် သတင်းအချက်အလက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းသဘောတူစာချုပ် ချုပ်ဆိုခဲ့သည့် SPUTNIK Information Agency ကို ရုရှားနိုင်ငံပိုင် Rossiya Segodnya (Russia Today) သတင်းဌာနက ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၀ ရက်တွင် စတင်တည်ထောင်ခဲ့ပြီး ဌာနချုပ်မှာ မော်စကိုမြို့တွင် အခြေစိုက်သည်။ ထို့ပြင် ဝါရှင်တန်ဒီစီ၊ ကိုင်ရို၊ ပေကျင်း၊ ပါရီ၊ ဘာလင်၊ မက်ဒရစ်၊ မွန်တီဗီဒီယိုနှင့် ရီယိုဒီဂျနေးယိုးမြို့တို့တွင် ဒေသဆိုင်ရာ ရုံးခွဲများ ဖွင့်လှစ်ထားသည်။ အဆိုပါ သတင်းအေဂျင်စီ ဝက်ဘ်ဆိုက်ကို တစ်လလျှင် ကြည့်ရှုသူ ၆၆ သန်းကျော်ရှိသည့် သတင်းမီဒီယာတစ်ခုဖြစ်ကြောင်း သိရသည်။

**ကြည့်ရှုလေ့လာ**

မွန်းလွဲပိုင်းတွင် SPUTNIK Information Agency အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ညွှန်ကြားရေးမှူး Mr. Vasily Pushkov နှင့်အဖွဲ့သည် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ သွားရောက်၍ ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဂန္ဓကုဋိတိုက်များ၊ သဒ္ဓါဓိပတိ ခေါင်းလောင်းတော်၊ အဂ္ဂါဓိပတိ သာသနာ့ဗိမာန်တော်ကြီးနှင့် ကျောက်စာရုံစေတီတော်များကို လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြသည်။

**သတင်းစဉ်**

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး မှာကြားချက်များအား ထပ်ဆင့်ရှင်းလင်း

ပုသိမ် စက်တင်ဘာ ၅

၂၀၂၃ ခုနှစ် ဩဂုတ် ၂၄ မှ ၂၅ ရက်အထိ Video Conferencing စနစ်ဖြင့် ကျင်းပခဲ့သော ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ်တရားရေးဦးစီးမှူးများ၏ (၂၅)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မှာကြားချက်များအား ထပ်ဆင့်ရှင်းလင်းသည့် အခမ်းအနားကို စက်တင်ဘာ ၃ ရက်က ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးဝင်းမြင့်နှင့် တိုင်းဒေသကြီး တရားရေးဦးစီးမှူးတို့က (၂၅)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မှာကြားချက်များအား ထပ်ဆင့်ရှင်းလင်းပြောကြားပြီး တရားလွှတ်တော်တရားသူကြီးများက တရားစီရင်ရေးဆိုင်ရာများကို မှာကြားသည်။

အဆိုပါ ထပ်ဆင့်ရှင်းလင်းပွဲသို့ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများ၊ တိုင်းဒေသကြီးတရားရေးဦးစီးမှူးနှင့် တရားရေးအရာရှိများ၊ ခရိုင်နှင့် မြို့နယ်တရားရုံးများမှ တရားသူကြီးများ တက်ရောက်ကြကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**



# အနောက်ကမ္ဘာမီဒီယာကို တန်ပြန်ချေဖျက်စွမ်းမည့် BRICS မီဒီယာဖိုရမ်နှင့် Innovation Diary

မိုးမြင့်

**ယနေ့ကမ္ဘာ့မီဒီယာလောကသည် အနောက်အုပ်စုနှင့် အမေရိကန်နိုင်ငံတို့၏ အခြယ်လှယ်ခံဘဝ ရောက်နေသည်မှာ ကြာမြင့်ခဲ့ပါပြီ။ အနောက်ကမ္ဘာမီဒီယာသည် ကမ္ဘာ့တိုင်းပြည်များစွာ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်စုံတွင် ဝင်ဆံ့သည်၊ ဩဇာလွှမ်းသည်။ အနောက်အုပ်စု၏ ခြယ်လှယ်မှုအောက်မှာ ဖွံ့ဖြိုးဆဲနိုင်ငံ၊ နိုင်ငံငယ်များသည် သူတို့၏နစ်နာမှု၊ သူတို့အတွက် အပေါင်းလက္ခဏာမဆောင်သည့် ထင်မြင်ချက်၊ မဟုတ်မမှန်သည်များအပေါ် ထောက်ပြဝေဖန်ခွင့်မရ၊ ဖြေရှင်းခွင့်မရ အရာမထင်ဖြစ်နေရသည်။**

အနောက်အုပ်စု အထူးသဖြင့် အမေရိကန်သည် သူ၏ပြိုင်ဘက်နိုင်ငံများ အထူးသဖြင့် ရုရှားနှင့် တရုတ်နိုင်ငံတို့အပေါ် ဝါဒဖြန့်ချိရေးစစ်ပွဲများကို ခေတ်အဆက်ဆက် ဆင်နွှဲခဲ့သည်။ သူတို့မီဒီယာများသာ အမှန်ဖြစ်၍ ဆန့်ကျင်ဘက်နိုင်ငံများ၏ မီဒီယာများကိုမူ တံဆိပ်အမျိုးမျိုးတပ် ပုတ်ခတ်စွပ်စွဲလေ့ရှိသည်။ တရုတ်နိုင်ငံ၏ The Global Times သတင်းစာကြီးကို တရုတ်အမျိုးသားရေးဝါဒီတို့၏ လူပြိန်းကြိုက်သတင်းစာအဖြစ် သမုတ်ခဲ့ပြီး ရုရှားနိုင်ငံ၏ RT သတင်းဌာနကို ကရင်မလင်ဩဇာညောင်းသည့် နိုင်ငံပိုင်သတင်းဌာနတစ်ခုအဖြစ် လိမ်ညာတံဆိပ်ကပ်ကြသည်။

အမေရိကန်နိုင်ငံကိုယ်၌ရှိ နာမည်ကြီး သတင်းစာအချို့သည် အစိုးရအာဘော်ကိုသာ ထင်ဟပ်ပြီး ဘက်လိုက်သည့်သတင်းများကိုသာ ဖော်ပြကြကာ မီဒီယာလောကကို လက်ဝါးကြီးအုပ်ထားသည်ဟုဆိုသည်။ နိုင်ငံရေးပါတီတစ်ခုခု၏ ထိန်းချုပ်ခံသတင်းစာများအဖြစ်လည်း ဆိုစမှတ်ပြုခံရသည်။ ဥပမာ– The New York Times သတင်းစာကြီးဆိုလျှင် အစိုးရဘက်လိုက်သတင်းများကိုသာ ဖော်ပြလေ့ရှိပြီး ဒီမိုကရက်တို့က ထိန်းချုပ်ထားသည့်သတင်းစာအဖြစ် ထင်ဟပ်ခံရသည်။

**“အမေရိကန်နိုင်ငံကိုယ်၌ရှိ နာမည်ကြီး သတင်းစာအချို့သည် အစိုးရအာဘော်ကိုသာ ထင်ဟပ်ပြီး ဘက်လိုက်သည့် သတင်းများကိုသာ ဖော်ပြကြကာ မီဒီယာလောကကို လက်ဝါးကြီးအုပ်ထားသည်ဟုဆိုသည်။ နိုင်ငံရေးပါတီတစ်ခုခု၏ ထိန်းချုပ်ခံသတင်းစာများအဖြစ်လည်း ဆိုစမှတ်ပြုခံရသည်။ ဥပမာ- The New York Times သတင်းစာကြီးဆိုလျှင် အစိုးရဘက်လိုက်သတင်းများကိုသာ ဖော်ပြလေ့ရှိပြီး ဒီမိုကရက်တို့က ထိန်းချုပ်ထားသည့် သတင်းစာအဖြစ် ထင်ဟပ်ခံရသည်”**

## မှိုင်းတိုက်သတင်းဌာနတစ်ခုအဖြစ် နာမည်ကြီး

ထို့အတူ VOA သတင်းဌာန... ထိုသတင်းဌာနသည်လည်း အမေရိကန်အစိုးရအဆက်ဆက်က ထောက်ပံ့ထားသည့် သတင်းဌာနသာဖြစ်၍ ထုတ်လွှင့်သမျှသည် အမေရိကန်အစိုးရအာဘော်သာဖြစ်ရပြီး ပြိုင်ဘက်ပါတီ သို့မဟုတ် ပြိုင်ဘက်မည်သည့်နိုင်ငံ၏ မှန်ကန်သောသတင်းကိုမျှ ကိုယ်စားပြုခွင့်မရှိပါ။ နောက်ဥပမာတစ်ခုက BBC ဖြစ်သည်။ “The Biased Broadcasting Corporation” ဘက်လိုက်၊ အစွဲမကင်း၊ အလိမ်အညာ မှိုင်းတိုက်သတင်းဌာနတစ်ခုအဖြစ် နာမည်ထွက်သည့်သတင်းဌာနအဖြစ် နာမည်ကြီးသည်။ အခြေအမြစ်မရှိသည့် သတင်းအချက်အလက်များကို အဓိကအခြေပြုသည့်အတွက် လူထုကိုလှည့်စားကာ ထင်ယောင်ထင်မှားဖြစ်စေသည်။ BBC သည် ရုရှား၊ တရုတ်နိုင်ငံတို့နှင့်ပတ်သက်၍ အမြဲလိုလို အနုတ်လက္ခဏာဆောင်သော အဆိုးမြင်များကိုသာ ဖော်ပြလေ့ရှိကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန၏ မှတ်ချက်တစ်ခုကို မှတ်သားမိဖူးသည်။ တကယ်တမ်းမှာ BBC သည် အနောက်အုပ်စု၏ ဝါဒဖြန့်ချိရေးကိရိယာတစ်ခုသာဖြစ်နေခြင်းက အားလုံးအတွက် အငြင်းပွားစရာမလိုသည့်အချက်ဖြစ်သည်။

အနောက်အုပ်စုမီဒီယာအများစုသည် သူတို့ကျင့်သုံးသော နိုင်ငံရေးစနစ်မှ ထုတ်လုပ်လိုက်သော ထုတ်ကုန်များသာဖြစ်သည်။ သူတို့အုပ်စု၊ သူတို့ကျင့်သုံးသော နိုင်ငံရေး၊ လူမှုရေးစနစ်နှင့် စံနှုန်းများကို အတင်းအဓမ္မသွတ်သွင်းလိုသည့် လက်နက်တစ်ခုအဖြစ်ထက်မပိုပါ။ VOA၊ BBC၊ Radio Free Europe စသည့်သတင်းဌာနများသည် စစ်အေးခေတ်ကာလအတွင်း ဆိုဗီယက်ယူနီယံကို ဖြိုခွဲရာတွင် အစွမ်းထက်သော လက်နက်များဖြစ်ခဲ့သည်။ အရင်းရှင်နှင့် လစ်ဘရယ်အားကောင်းသည့် ခေတ်ဦးကာလများကို ပြန်ကြည့်လျှင် အမေရိကန်နှင့် နေတိုးနိုင်ငံများ၏ ကျူးကျော်စစ်များအပေါ် အနောက်နိုင်ငံက စစ်ဆန့်ကျင်ရေးပြည်သူများ၊ အတိုက်အခံလက်ဝဲစစ်ဆန့်ကျင်ရေးအသံများမှာ စစ်လိုလားသူစစ်ဝါဒီများပိုင်ဆိုင်သော လက်ကိုင်မီဒီယာများ၏ ဖိနှိပ်မှုအောက်တွင် တိတ်ဆိတ်သွားခဲ့ရသည်။

## နိုင်ငံတကာရေးရာ၌ တစ်လေသံတည်းထွက်

မတူကွဲပြားမှုကို လက်ခံကြသော်လည်း နိုင်ငံတကာရေးရာ၌ အနောက်မီဒီယာများက တစ်လေသံတည်းသာ ထွက်ကြသည်။ ရုရှားနှင့် တရုတ်နိုင်ငံတို့တွင် တည်ငြိမ်မှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ တရားဥပဒေစိုးမိုးမှုတို့ အကောင်းဆုံးအခြေအနေမှာ ရောက်ရှိနေသည့်တိုင် ၎င်းနိုင်ငံများကို အာဏာရှင်အဖြစ် ပုံဖော်၍ကောင်းတုန်း၊ မနှစ်မြို့စရာများအဖြစ် မတရားဖော်ပြ၍မဆုံးဖြစ်ရသည်။ အကြမ်းဖက်ကို လုံးဝမနှစ်မြို့ဟုဆိုသည့် အနောက်တိုင်းစာနယ်ဇင်းများသည် တရုတ်၊ ရုရှား၊ အီရန်၊ မြန်မာ စသည့်နိုင်ငံများအတွင်း တရားဥပဒေစိုးမိုးရေးကို ရက်ရက်စက်စက်ချိုးဖောက်ကြသည့် အကြမ်းဖက်စစ်စစ်များကိုမူ ဒီမိုကရေစီသူရဲကောင်းများအဖြစ် ကင်ပွန်းတပ်ကြပြန်သည်။

**“မတူကွဲပြားမှုကို လက်ခံကြသော်လည်း နိုင်ငံတကာရေးရာ၌ အနောက်မီဒီယာများက တစ်လေသံတည်းသာ ထွက်ကြသည်။ ရုရှားနှင့် တရုတ်နိုင်ငံတို့တွင် တည်ငြိမ်မှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ တရားဥပဒေစိုးမိုးမှုတို့ အကောင်းဆုံးအခြေအနေမှာ ရောက်ရှိနေသည့်တိုင် ၎င်းနိုင်ငံများကို အာဏာရှင်အဖြစ် ပုံဖော်၍ကောင်းတုန်း၊ မနှစ်မြို့စရာများအဖြစ် မတရားဖော်ပြ၍မဆုံးဖြစ်ရသည်။ အကြမ်းဖက်ကို လုံးဝမနှစ်မြို့ဟုဆိုသည့် အနောက်တိုင်းစာနယ်ဇင်းများသည် တရုတ်၊ ရုရှား၊ အီရန်၊ မြန်မာစသည့်နိုင်ငံများအတွင်း တရားဥပဒေစိုးမိုးရေးကို ရက်ရက်စက်စက် ချိုးဖောက်ကြသည့် အကြမ်းဖက်စစ်စစ်များကိုမူ ဒီမိုကရေစီသူရဲကောင်းများအဖြစ် ကင်ပွန်းတပ်ကြပြန်သည်”**

## အစိုးရပြိုလဲသည်အထိ ဝင်ရောက်စွက်ဖက်

အမေရိကန်ဦးဆောင်သည့် အနောက်အုပ်စုသည် သူတို့၏ဩဇာအရှိန်အဝါကို ပြသရန် မီဒီယာကို ကောင်းစွာအသုံးချခဲ့ကြသည်။ သူတို့မကြိုက်သည့်အစိုးရများပြိုလဲသည်အထိ မီဒီယာဖြင့် ဝင်ရောက်စွက်ဖက်ခဲ့ကြသည်။ အစိုးရနှင့် ပြည်သူ၊ ပြည်သူပြည်သူချင်း မီဒီယာဖြင့် ရန်တိုက်ခဲ့ကြသဖြင့် စည်းလုံးညီညွတ်မှုများ ပြိုကွဲရသည်။ အမှားကို အမှန်၊ အမှန်ကို အမှား ဖုံးဖိခဲ့ကြသည်။ မီဒီယာကို တလွဲအသုံးချသော အနောက်တိုင်းသားများကြောင့် တိုင်းပြည်များ ပျက်စီး၊ စနစ်များပျက်စီးရသည်။ စစ်ပွဲများဖြစ်ရသည်၊ လူအများသေကျေရသည်။ ဆေးရုံ၊ ကျောင်း၊ တံတား၊ လမ်းများ ပျက်စီးရသည်။ အိုးမဲ့အိမ်မဲ့ အငတ်ဘေးစစ်ပြေးဘဝ ရောက်ကြရသည်။

ရန်ဘက်များအကြား ညီညွတ်မှုမရှိ၊ စည်းဝေးညှိနှိုင်းအဖြေရှာခွင့်မရအောင် မီဒီယာဖြင့် သွေးထိုးပေးသည်။ မီဒီယာလက်နက်ဖြင့် နိုင်ငံငယ်များ၏ ကြွယ်ဝသည့် သယံဇာတများကို ကုပ်သွေးစုပ်အမြတ်ထုတ်ကြသည်။ ပစ်မှတ်နိုင်ငံတွင် ပြဿနာမဖြစ်ဖြစ်အောင်ဖန်တီး၍ ပြည်တွင်းမငြိမ်မသက်ဖြစ်၊ ပြည်တွင်းစစ်ဖြစ်နေပြီဟု ကမ္ဘာကို သတင်းမှားဖန်တီးကာ ငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ် အမည်ဖြင့် နိုင်ငံတွင်းဝင်ရောက်တပ်စွဲ၍ ထိုနိုင်ငံ၏ ပြည်တွင်းရေးတွင် ဝင်ရောက်နှောင့်ယှက်ကြပြန်သည်။ လူ့အခွင့်အရေးအကြောင်းပြ၊ သတင်းလွတ်လပ်ခွင့် တစာစာအော်၊ သူတို့မလိုလားသော အစိုးရများကို အဆိုးမြင်အောင် အမျိုးမျိုးခေါင်းစဉ်တပ် ပြဿနာရှာပြီး အချုပ်အခြာကို ထိပါးခွင့်ရအောင် မီဒီယာဖြင့် ပုံဖော်ကြသည်။

## တစ်ဖက်သတ် အရေးယူဖို့သာ စိုင်းပြင်း

အမှားကို အမှန်၊ အမှန်ကို အမှားထင်အောင် သတင်းမှန်ကိုဖုံးဖိ၊ သတင်းတု၊ သတင်းမှားများ အသုံးပြု၍ ကမ္ဘာ့ပြည်သူများ ထင်ယောင်ထင်မှား သံသယဖြစ်သည်အထိ အမေရိကန်တို့ လုပ်ခဲ့ကြသည့် သမိုင်းအဖြစ်အပျက် သာဓကပေါင်းများစွာ ရှိခဲ့သည်။ မိမိပြည်တွင်းရေးသည် ပြည်တွင်းရေးသက်သက်သာဖြစ်ကြောင်း၊ ဒေသတွင်းလုံခြုံရေးနှင့် ငြိမ်းချမ်းရေးကို ဘယ်လိုမျှ မထိခိုက်ကြောင်း တာဝန်ရှိသူများက ဘယ်လိုပြောပြော အနောက်အားပေးမီဒီယာများကပေးသော မှားယွင်းသည့် အချက်အလက်များ၊ မမှန်သတင်းများကို သိသိကြီးနှင့်သော်လည်းကောင်း၊ မသိချင်ယောင်ဆောင်၍လည်းကောင်း အနောက်အုပ်စုလွှမ်းမိုးသော ကုလသမဂ္ဂအေဂျင်စီများက မျက်စိမှိတ်ယုံကြသည်၊ ပြဿနာကို ပုံကြီးချဲ့၍ တစ်ဖက်သတ် အရေးယူဖို့သာ စိုင်းပြင်းသည်။

ယခုဖြစ်ပွားနေသော ယူကရိန်းပဋိပက္ခတွင်လည်း အနောက်အုပ်စုမီဒီယာ လွှမ်းမိုးမှုကသာ အားကောင်းနေခဲ့သည်။ ရုရှားက အရေးနိမ့်နေပြီး ယူကရိန်းက အရေးသာနေသယောင် ကမ္ဘာနှင့် ယူကရိန်းပြည်သူများကို မျက်လှည့်ပြနေသည်။ ရုရှားနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများ အောင်မြင်နေကြောင်း၊ ပိတ်ဆို့မှုများကြောင့် ရုရှားစီးပွားရေး ပျက်စီးနေပြီဖြစ်ကြောင်း မမှန်သတင်းများ လွှင့်ကြသည်။ မီဒီယာအားကြောင့် ရုရှား–ယူကရိန်းပဋိပက္ခမှာ ကမ္ဘာကြီးက ရုရှားကိုသာ ကျူးကျော်သူအဖြစ် မြင်ကြသည်။

## အနောက်နိုင်ငံများကို ပြန်လည်ဆန့်ကျင်

အီရတ်မှာ အစုလိုက်အပြုံလိုက်လက်နက်များ ရှိသည်ဟု သတင်းလိမ်ဖြင့် ကမ္ဘာကို ယုံအောင် မျက်လှည့်ပြပြီး အီရတ်ကို အဓမ္မဝင်တိုက်၊ ဆက်ဒန်ဟူစိန်ကိုဖြုတ်ချခဲ့သည့် တကယ့်တရားခံကျူးကျော်အစစ်ကို ကမ္ဘာ့ပြည်သူများ မမေ့သင့်ပါ။ တရားခံအစစ်ကို အဆိုးမမြင်နိုင်လောက်အောင် အနောက်မီဒီယာလက်နက်အစွမ်းက ပြင်းလှသည်။ ထို့ကြောင့် ရုရှားတို့က အနောက်အုပ်စုမီဒီယာများလောက် အားမကောင်းသည့် Sputnik၊ Tass စသည့် သတင်းဌာနများ၊ တယ်လီဂရမ်ချန်နယ်များမှ နေ့စဉ်စစ်မြေပြင်တိုက်ပွဲသတင်းမှန်များကို အချိန်နှင့်တစ်ပြေးညီ ကြိုးစားထုတ်လွှင့်ပေးနေရသည်ဟု ဆိုပါသည်။ ထို့ပြင် ရွေးကောက်ပွဲများတွင် မီဒီယာဖိအားဖြင့် မိမိတို့အားပေးသော အနောက်ဩဇာခံပါတီများ အနိုင်ရအောင်ပြုလုပ်ကြသည့် သာဓကများလည်း ရှိနေခဲ့၊ ရှိနေဆဲဖြစ်သည်။ သုံးနှစ်တာကာလအတွင်း အနောက်အာဖရိကရှိ ဆင်းရဲသည့်နိုင်ငံများတွင် မီဒီယာအားဖြင့် တက်လာသော အစိုးရများကို ပြန်လည်ဖြုတ်ချနေကြသည့် မြင်ကွင်းများကား အဖိနှိပ်ခံနိုင်ငံများဘက်က ဖိနှိပ်သူအနောက်နိုင်ငံများကို ပြန်လည်ဆန့်ကျင်သည့် ပြယုဂ်များပင် ဖြစ်ပါတော့သည်။

မီဒီယာအားဖြင့် အနောက်တိုင်းယဉ်ကျေးမှုများ နိုင်ငံငယ်များသို့ အထူးသဖြင့် အရှေ့တိုင်းနိုင်ငံများ၏ ယဉ်ကျေးမှု၊ ဘာသာတရား၊ ဓလေ့ထုံးတမ်းနယ်ပယ်များသို့ များစွာထိုးဖောက်မွှေနှောက်သွားသည်မှာ ဝမ်းနည်းဖွယ်ရာဖြစ်သည်။ အရှေ့တိုင်းသည် Westernization ခေါ် အနောက်တိုင်း၏ ယဉ်ကျေးမှုတိုက်စားခြင်းခံရသည်မှာ ကြာခဲ့ပါပြီ။

*စာမျက်နှာ ၁၁ သို့*


# မြန်မာ-ထိုင်း နှစ်နိုင်ငံ နယ်စပ်ဒေသအပါအဝင် နှစ်နိုင်ငံပြည်သူများ ဝင်/ထွက် သွားလာမှု စနစ်တကျဖြစ်စေရေးနှင့် တရားမဝင် ဝင်/ထွက် သွားလာမှုမရှိစေရေး၊ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းများ ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရေးဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၅**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Mongkol Visitstump နှင့်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် မြန်မာ-ထိုင်း နှစ်နိုင်ငံ နယ်စပ်ဒေသအပါအဝင် နှစ်နိုင်ငံပြည်သူများ ဝင်/ထွက် သွားလာမှု စနစ်တကျဖြစ်စေရေးနှင့် တရားမဝင် ဝင်/ထွက် သွားလာမှုမရှိစေရေး၊ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လုပ်ငန်းများ ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ နှစ်နိုင်ငံနယ်နိမိတ်အတွင်း လူကုန်ကူးခံရသည့် ထိုင်းနိုင်ငံသားများအား မိမိတို့ဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာန အဖွဲ့အစည်းများ ပူးပေါင်း၍ ရှာဖွေကယ်ဆယ် ကူညီရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ဖြစ်ပွားနေသည့် ကာလများတွင် ဆေးဝါးနှင့် အခြားလိုအပ်သည်များကို လည်းကောင်း၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်များနှင့် မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုခံခဲ့ရသည့် ရခိုင်ပြည်နယ် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းစဉ်များတွင်လည်းကောင်း ထိုင်းနိုင်ငံမှ ပံ့ပိုးကူညီဆောင်ရွက်ပေးမှုအခြေအနေ၊ နှစ်နိုင်ငံနယ်စပ်တွင် တရားမဝင် ဝင်ရောက်၍ အင်တာနက်လိုင်းများ အသုံးပြုကာ Online ဂိမ်းများဖြင့် လိမ်လည်မှုများ ဆောင်ရွက်နေကြသူများအား ထိရောက်စွာ တားဆီးကာကွယ်နိုင်ရေးအတွက် နှစ်နိုင်ငံ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေး အခြေအနေများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်နှင့်အတူ ဒုတိယဝန်ကြီးများဖြစ်သည့် ဦးဌေးလှိုင်နှင့် ဒေါက်တာမျိုးသန့်၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းဇော်အောင်၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွန်းဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Mongkol Visitstump နှင့် အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

*စာမျက်နှာ ၁၀ မှ*

အနောက်တိုင်းနိုင်ငံရေးနယ်ပယ်ကလာသော မတူကွဲပြားမှုကို လက်ခံခြင်း၊ ဘာသာပေါင်းစုံအယူအဆ၊ လွတ်လပ်စွာပြောဆိုရေးသားခွင့်၊ လူ့အခွင့်အရေး စသည့် အယူအဆများသည် အရှေ့တိုင်းသားတို့ တန်ဖိုးထားသော စံတန်ဖိုးများအတွက် စိန်ခေါ်မှုများအဖြစ် ရှိနေဆဲဖြစ်သည်။ မီဒီယာအားဖြင့် ထိုးဖောက်ဝင်ရောက်လာသော ၎င်းစကားလုံးများ အယူဝါဒများသည် အစဉ်အလာကိုတန်ဖိုးထားသော ယဉ်ကျေးလူ့အဖွဲ့အစည်းအတွင်းက ခေတ်မီခြင်းကို တလွဲအသုံးချလိုသော လူငယ်လူရွယ်များအတွက်မူ သည်းခြေကြိုက်ဖြစ်နေမည်မှာ မလွဲပါ။

ထို့ကြောင့်လည်းထင်သည်၊ ယခုရက်ပိုင်းအတွင်း ကမ္ဘာကြီးအတွက် အပြုသဘောဆောင်သည့် သတင်းမှတ်ချက်များကား ကျင်းပပြီးစီးခဲ့သည့် BRICS အစည်းအဝေးကြီးနှင့်အတူ တစ်ပြိုင်နက်ထွက်ပေါ်လာခဲ့ပြီဖြစ်သည်။ ဆဋ္ဌမအကြိမ်မြောက် BRICS မီဒီယာဖိုရမ်က အနောက်မီဒီယာများ၏ ဝါဒဖြန့်လှုံ့ဆော်မှုများအပေါ် စစ်ကြေညာလိုက်ခြင်းတစ်မျိုးဟုပင် ယူဆပါသည်။ ထိုသတင်းများနှင့်အတူ အနောက်အုပ်စု၏ မီဒီယာအားကိုးဖြင့် ကမ္ဘာကြီးအပေါ် စိတ်တိုင်းကျ ခြယ်လှယ်နေမှုများ တဖြည်းဖြည်းလျော့ပါးသွားတော့မည်လား တွေးနေမိသည်။

## မီဒီယာကို မီဒီယာဖြင့် ပြန်လည်တုံ့ပြန်ကြရမည်

**အထူးသဖြင့် BRICS အဖွဲ့ဝင် တရုတ်နှင့် ရုရှားနိုင်ငံတို့က ဦးဆောင်တိုက်ပွဲဝင်မည့်အနေအထားဖြစ်လာသည်။ အမေရိကန်သည် တရုတ်နှင့် ရုရှားအပါအဝင် မြောက်ကိုရီးယား၊ အီရန်၊ မြန်မာစသည့် အဖိနှိပ်ခံနိုင်ငံများအပေါ် သမိုင်းတစ်လျှောက် အပြင်းအထန်ဖိအားပေးလာသည်မှာ ယခုကာလတွင် အဆိုးရွားဆုံးအနေအထား၌ ရောက်ရှိနေသည့်အတွက် ယခုကဲ့သို့ တန်ပြန်အရေးယူဆောင်ရွက်မှုများမှာ နောက်ကျနေသည်ဟုပင် ဆိုရမည်ဖြစ်သည်။ အနောက်နိုင်ငံများမှ အတ္တသမားနယ်ချဲ့နိုင်ငံရေးသမားများ၊ ပညာရှင်များ၏ လိုရာဆွဲဘက်လိုက်သည့်မူဝါဒများ မှားယွင်းနေသောအမြင်များစွာကို စုပေါင်းတိုက်ဖျက်ကြရပေတော့မည်။ သူတို့၏ တစ်ဖက်သတ် စော်ကားပုတ်ခတ်မှုများသည် ကြာလေဆိုးလေဖြစ်လာသည်။ ကမ္ဘာ့ပြည်သူများအပေါ် ဆိုးကျိုးသက်ရောက်မှု များသည်ထက်များလာပြီဖြစ်၍ လက်ပိုက်ကြည့်၍မဖြစ်တော့ပါ။**

> **“ရန်ဘက်များအကြား ညီညွတ်မှုမရှိ၊ စည်းဝေးညှိနှိုင်းအဖြေရှာခွင့်မရအောင် မီဒီယာဖြင့် သွေးထိုးပေးသည်။ မီဒီယာလက်နက်ဖြင့် နိုင်ငံငယ်များ၏ ကြွယ်ဝသည့် သယံဇာတများကို ကုပ်သွေးစုပ် အမြတ်ထုတ်ကြသည်။ ပစ်မှတ်နိုင်ငံတွင် ပြဿနာမဖြစ်ဖြစ်အောင်ဖန်တီး၍ ပြည်တွင်းမငြိမ်မသက်ဖြစ်၊ ပြည်တွင်းစစ်ဖြစ်နေပြီဟု ကမ္ဘာကို သတင်းမှား ဖန်တီးကာ ငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်အမည်ဖြင့် နိုင်ငံတွင်း ဝင်ရောက်တပ်စွဲ၍ ထိုနိုင်ငံ၏ ပြည်တွင်းရေးတွင် ဝင်ရောက်နှောင့်ယှက်ကြပြန်သည်။ လူ့အခွင့်အရေးအကြောင်းပြ၊ သတင်းလွတ်လပ်ခွင့် တစာစာအော်၊ သူတို့မလိုလားသော အစိုးရများကို အဆိုးမြင်အောင် အမျိုးမျိုးခေါင်းစဉ်တပ် ပြဿနာရှာပြီး အချုပ်အခြာကို ထိပါးခွင့်ရအောင် မီဒီယာဖြင့် ပုံဖော်ကြသည်”**

**အနောက်တိုင်းမီဒီယာများကြောင့် ကမ္ဘာ့ပြည်သူများအချင်းချင်း အာဃာတအမုန်းတရားများ ကြီးစိုးလာသည့် အခြေအနေကို ယနေ့ BRICS အဖွဲ့ဝင်နိုင်ငံများက ဦးဆောင်ပြီး ပြန်လည်ကိုင်တွယ်ဖြေရှင်းကြရပါတော့မည်။ မီဒီယာကို မီဒီယာဖြင့်ပင် ပြန်လည်တုံ့ပြန်ကြရမည်ဖြစ်သည်။**

## အနောက်မီဒီယာများ၏ သားကောင်များဖြစ်

အာဖရိကနှင့် အာရှမှ ပြည်သူများသည် အနောက်မီဒီယာများ၏ အစဉ်အဆက် သားကောင်များဖြစ်ခဲ့ကြပြီး အာဏာရှင်များအောက်မှ ဒုက္ခရောက်နေသည့် ဆင်းရဲသားများသဖွယ် သဘောထားခံရကာ အနောက်အရင်းရှင်များအနေဖြင့် သူတို့ကိုယ်သူတို့ မဟာကရုဏာရှင်များအဖြစ် ဆက်လက်ဟန်ဆောင်နေကြဦးမည်သာဖြစ်သည်။ သူတို့ဖန်တီးသည့်စစ်ပွဲများကြောင့် နိုင်ငံများစွာတွင် ဒုက္ခရောက်ကြရသည့် အခြေအနေဆိုးများကို မသိကျိုးကျွန်ပြု၍ သူတို့ကိုယ်သူတို့ ကယ်တင်ရှင် creators များအဖြစ် ဆက်လက်စွက်ဖက်ဦးမှာ သေချာသည်။ အဓိကက မီဒီယာလက်နက်ပင်ဖြစ်သည်။ အနောက်နိုင်ငံများတွင် တိုးတက်များပြားလာသော ဆင်းရဲမှုနှုန်းများ၊ ဆိုးရွားလာသော အခြေအနေမဲ့များ၊ ခွဲခြားဖိနှိပ်မှုအခြေအနေများကိုမူ သူတို့မီဒီယာများက ရေငုံနှုတ်ပိတ်နေကြသည်။ မသိချင်ယောင်ဆောင်နေကြသည်။

ထို့ကြောင့် ကမ္ဘာ့အခြားနေရာမှ ပြည်သူများ သူတို့မသိရသေးသော၊ သိခွင့်မရသော သတင်းမှန်များကို ကြားခွင့်သိခွင့်ရနိုင်မည့် အခွင့်အလမ်းတစ်ခုပေါ်လာခဲ့ပြီဟုသာဆိုရပါမည်။ မကြာသေးမီက ဂျိုဟန်နက်စဘတ်တွင် ကျင်းပပြီးစီးခဲ့သော (၆) ကြိမ်မြောက် BRICS Media Forum က Innovation Diary အင်တာနက်စာမျက်နှာတစ်ခု ဖွင့်လှစ်၍ ဖွံ့ဖြိုးဆဲကမ္ဘာ၏ အသံများကို ကြားနိုင်၊ မြင်နိုင်မည့် စင်မြင့်တစ်ခုကို တည်ထောင်ပေးပါတော့မည်။ လက်ဝါးကြီးအုပ်မှု မခံချင်သည့် ခေါင်းဆောင်များက မှန်ကန်သည့် ဦးတည်ချက်ဖြင့် အမှန်တရားဘက်မှ ခိုင်ခိုင်မာမာ ရပ်တည်ပေးကြတော့မည်ဖြစ်သည်။ ကာလရှည်ဖုံးကွယ်ထားသော အမှန်တရားများကို ကြိုးစားတူးဆွ ဖွင့်ဟနိုင်ခြင်းအားဖြင့် အနောက်ကမ္ဘာက ထုတ်လွှင့်နေသော အက်ကြောင်းထပ်နေသည့် ပဋိပက္ခအသံဗလံများ၊ မဟုတ်မဟတ်ယုံတမ်းများ၊ ဖျက်လိုဖျက်ဆီးရေးသားထားသော စာသားများသည် တဖြည်းဖြည်းမှေးမှိန်ပျောက်ကွယ်တော့မှာ သေချာပါသည်။ ထိုဆန်းသစ်သော အစီအစဉ်များကြောင့် အိန္ဒိယ၏ တိုးတက်လာသော အာကာသအစီအစဉ်များ၊ တရုတ်နိုင်ငံ၏ အစိမ်းရောင် ပြန်လည်ပြည့်ဖြိုးမြဲအစီအစဉ်များ၊ တောင်အာဖရိကမှ ဆင်းရဲမှုနှုန်း လျှော့ချမည့် ကျန်းမာရေးစောင့်ရှောက်မှုများ စသည့်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကမ္ဘာ့ပြည်သူများ ကြားခွင့်သိခွင့်ရပါတော့မည်။

အနောက်ကမ္ဘာ၏ မီဒီယာများကတော့ သူတို့သန္နေတည်ရာပုံစံအတိုင်း မပြောင်းမလဲ တရစပ်ဝါဒဖြန့်ချီနေဦးမှာပါပဲ။ Unipolar ဝင်ရိုးတန်းတစ်ခုအဖြစ်မှ ဖြာထွက်လာမည့် Multipolar world ကြီးကို ဘယ်လိုမှ နှစ်မြို့ကြမည်မဟုတ်ပါ။ ထင်ထင်ရှားရှား ထွက်ပေါ်လာသည့် BRICS ဦးဆောင် ရုရှားနှင့် တရုတ် နှစ်နိုင်ငံအနေဖြင့်လည်း အမေရိကန်နှင့် လစ်ဘရယ်အုပ်စုကြီး၏ ထိုးတည်းပစ်မှတ်များအဖြစ် ဆက်လက်ရှိနေမှာ သေချာပါသည်။ ရုရှား၊ တရုတ်နှင့် မိတ်ဖက်နိုင်ငံများစွာသည် အမေရိကန်၏ တစ်ဖက်သတ်ရန်လိုမှုကို အတူတကွရင်ဆိုင်ကြရဦးမည်ဖြစ်သည်။ သို့သော် ကမ္ဘာကြီးကား ပြောင်းလဲလာနေပါပြီ။ တိုက်ကြီးအားလုံး၊ ဒေသအားလုံး အကျိုးဝင်လွှမ်းခြုံသည့် အလွှာစုံမှ နိုင်ငံတကာပြည်သူများ စုစည်းလာနေကြပါပြီ။ သူတို့သည် သူတို့၏အသံကို တစ်သံတည်းဖြစ်အောင် ကြိုးစားနေပါပြီ။ ဤတွင် BRICS ၏ ရလဒ်တစ်ခုဖြစ်သည့် Innovation Diary ဆိုသော Internet webpage တစ်ခုသည် ကမ္ဘာ့ဖွံ့ဖြိုးဆဲမိသားစုများ၏အသံများ တစုတစည်းပေါ်ထွက်ရာစကြိုတစ်ခုဖြစ်လာသည်။

သူက ဖွံ့ဖြိုးဆဲတို့၏ အမှန်အကန်တိုးတက်ဖြစ်ထွန်းမှုများကို ကိုယ်စားပြုဖွင့်ဟပေးတော့မည်ဖြစ်သည်။ နေရာစုံမှ ကမ္ဘာ့ပြည်သူများ ကြားနိုင်၊ မြင်နိုင်အောင် ကြိုးစားဆောင်ရွက်ပေးကြတော့မည်။ အဓိကအချက်မှာ မိမိအကျိုးစီးပွားသက်သက်ကို အဓိကမထားဘဲ စည်းလုံးညီညွတ်မှု၊ မျှဝေဖလှယ်မှု၊ ပေါင်းစည်းမှုနှင့် တာဝန်ယူမှုတို့ကို အခြေခံရန်ပင်ဖြစ်သည်။

ထို့အတွက် တရားမျှတသည့် နိုင်ငံတကာအခင်းအကျင်းမှ လူသားတို့၏ ပွဲတင်သံကို ယခုကဲ့သို့ အပြန်အလှန်မျှဝေကြမည့်အစီအစဉ်တွင် တက်ကြွစည်းလုံးစွာ ပါဝင်ထမ်းရွက်ကြမည့် မြင်ကွင်းများစွာကို အပြုသဘောဖြင့် မျှော်လင့်နေမိပါတော့သည်။

# ထိုင်းဝန်ကြီးချုပ်သစ်နှင့် ဝန်ကြီးအဖွဲ့ ထိုင်းဘုရင်ရှေ့မှောက်၌ ကျမ်းသစ္စာကျိန်ဆို



ထိုင်းဘုရင်ရှေ့မှောက် ကျမ်းသစ္စာကျိန်ဆိုနေသော ထိုင်းဝန်ကြီးချုပ်သစ်နှင့် ဝန်ကြီးအဖွဲ့ကို တွေ့ရစဉ်။

**ဘန်ကောက် စက်တင်ဘာ ၅**

ထိုင်းဝန်ကြီးချုပ်သစ် ဆရက်သာ သာဝိစင်နှင့် ၎င်း၏ဝန်ကြီးအဖွဲ့သည် စက်တင်ဘာ ၅ ရက်က ထိုင်းဘုရင် မဟာဝဇီရာလောင်ကွန်း ရှေ့မှောက်တွင် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။

မစ္စတာ ဆရက်သာ သာဝိစင်ကို ပါလီမန်က လွန်ခဲ့သောလက ဝန်ကြီးချုပ်အဖြစ် ရွေးချယ်လိုက်ပြီးနောက် ၎င်းနှင့် ၎င်းအဖွဲ့ကို ဘုရင်က လက်ခံကြောင်း လွန်ခဲ့သည့် သီတင်းပတ်က ကြေညာလိုက်ပြီးနောက် ယခုလို ကျမ်းသစ္စာကျိန်ဆိုခဲ့ခြင်းဖြစ်သည်။

မစ္စတာ ဆရက်သာနှင့် ဖြူထိုင်းပါတီဦးဆောင်သော အစိုးရအဖွဲ့ဝင် ၃၃ ဦးက ထိုင်းနိုင်ငံ ဘန်ကောက်ရှိ ဒူးဆစ်တော်ဝင်နန်းတော်၌ ဘုရင်ထံ သစ္စာခံပြီး ကျမ်းသစ္စာကျိန်ဆိုခဲ့ကြသည်။ အဆိုပါ အခမ်းအနားသို့ ဖြူထိုင်း၊ ဘွမ်ဂျိုင်ထိုင်း၊ ပလန်ပရာချာရတ်နှင့် ယူနိုက်တက်ထိုင်းနေးရှင်း အပါအဝင် အဓိကမဟာမိတ်လေးပါတီမှ ဒုတိယဝန်ကြီးချုပ် ခြောက်ဦးနှင့် တခြားအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ တက်ရောက်ခဲ့ကြသည်။

ကျမ်းသစ္စာကျိန်ဆိုပွဲပြီးနောက် အစိုးရအိမ်တော်တွင် မိန့်ခွန်းပြောကြားရာ၌ ယခုအစိုးရသည် ပြည်သူ့အစိုးရဖြစ်ကြောင်း ဆရက်သာက ပြောကြားခဲ့သည်။ ယနေ့ ဤနေရာတွင်ရှိသော အစိုးရအဖွဲ့ဝင်တိုင်းသည် ပြည်သူ့ကိုယ်စားလှယ်သာဖြစ်ကြောင်း ဆရက်သာက ပြောကြားခဲ့သည်။

ပြည်သူ့အရေးအတွက် ပြဿနာများကို ဖြေရှင်းရန်နှင့် မမောမပန်းအလုပ်လုပ်သွားကြမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

တော်ဝင်မှတ်တမ်းထုတ်ပြန်ချက်အရ အိမ်ခြံမြေသူဌေးတစ်ဖြစ်လဲ ဝန်ကြီးချုပ်သစ်ဖြစ်သည့် ဆရက်သာသည် ဘဏ္ဍာရေးဝန်ကြီးအဖြစ်ပါ ပူးတွဲတာဝန်ထမ်းဆောင်သွားမည်ဖြစ်သည်။ ၎င်း၏ ဖြူထိုင်းပါတီအဖွဲ့ဝင်သုံးဦးလည်း ဒုတိယဝန်ကြီးချုပ်တာဝန်များသာမက နိုင်ငံခြားရေး၊ စီးပွားကူးသန်းစသည့် အဓိကကျသည့် ဝန်ကြီးတာဝန်များကိုပါ ပူးတွဲထမ်းဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုင်းနိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးသစ်သည် ပန်ပရီဘာဟစ်ဒါနုကာရာ ဖြစ်လာမည်ဖြစ်ပြီး ပြည်ထဲရေးဝန်ကြီးတာဝန်ကို ဘွမ်ဂျိုင်ထိုင်းပါတီဝင်အား ရွေးချယ်ထားကြောင်း သိရသည်။

ဆရက်သာသည် လာမည့်တနင်္လာနေ့တွင် ကျင်းပမည့် ပါလီမန်တွင်ပြောကြားမည့် နိုင်ငံတော်မိန့်ခွန်းအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ရန် အရေးပေါ်အစည်းအဝေးတစ်ရပ်ကို ဗုဒ္ဓဟူးနေ့တွင် ပြုလုပ်သွားမည်ဖြစ်သည်။ အစိုးရအဖွဲ့ကို လာမည့် အင်္ဂါနေ့တွင် တရားဝင်ကျင်းပမည်ဖြစ်သည်။

**ဆင်ဟွာ**



# ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါ အင်ဒိုနီးရှားနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သို့ ခုနစ်ရက်ကြာ ခရီးစဉ်စတင်

**တိုကျို စက်တင်ဘာ ၅**

ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါသည် အင်ဒိုနီးရှားနှင့် အိန္ဒိယနိုင်ငံတို့သို့ ခုနစ်ရက်ကြာ ခရီးစဉ်ကို စက်တင်ဘာ ၅ ရက်တွင် စတင်လိုက်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

၎င်းသည် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) နှင့် ဂျီ-၂၀ ထိပ်သီးအစည်းအဝေးများကို တက်ရောက်သွားရန် စီစဉ်ထားကြောင်း သိရသည်။ အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည့် အရှေ့တောင်အာရှနိုင်ငံများအသင်းအစည်းအဝေးတွင် ၎င်းသည် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့်ပတ်သက်ပြီး အာဆီယံနိုင်ငံများကို တောင်းဆိုသွားဖွယ်ရှိသည်။ ယခုနှစ်သည် ဂျပန်နှင့် အာဆီယံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု နှစ်ပေါင်း ၅၀ ပြည့် အထိမ်းအမှတ်နှစ်ဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ ပြုလုပ်မည့် ဂျီ-၂၀ ထိပ်သီးအစည်းအဝေးတွင် ဆွေးနွေးမည့် အဓိကအကြောင်းအရာမှာ စားနပ်ရိက္ခာဖူလုံရေးဖြစ်ဖွယ်ရှိကြောင်း၊ ဟီရိုရှီးမားမြို့၌ ပြုလုပ်သည့် ဂျီ-၇ ထိပ်သီးအစည်းအဝေးရလဒ်များအပေါ် အခြေခံ၍ စားနပ်ရိက္ခာ ထောက်ပံ့မှုတည်ငြိမ်ရေး ရည်ရွယ်သော ကြိုးပမ်းအားထုတ်မှုများတွင် ဂျပန်နိုင်ငံအနေဖြင့် ပါဝင်ကူညီလိုမှုနှင့်ပတ်သက်ပြီး ကီရှီဒါက ဂျီ-၂၀ ခေါင်းဆောင်များအား ပြောကြားသွားဖွယ်ရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ဗီယက်နမ်၌ အားလပ်ရက်အတွင်း ယာဉ်မတော်တဆမှု ၁၂၅ ကြိမ် ဖြစ်ပွား လူပေါင်း ၇၆ ဦး သေဆုံးပြီး ၉၅ ဦး ထိခိုက်ဒဏ်ရာရ

**ဟနွိုင်း စက်တင်ဘာ ၅**

ဗီယက်နမ်နိုင်ငံ၌ အမျိုးသားနေ့ အားလပ်ရက် လေးရက်အတွင်း ယာဉ်မတော်တဆမှု ၁၂၅ ကြိမ် ဖြစ်ပွားပြီး ၇၆ ဦး သေဆုံးကာ အခြား ၉၆ ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း ယာဉ်ထိန်းရဲတပ်ဖွဲ့ ခွဲဌာနက စက်တင်ဘာ ၄ ရက်တွင် ပြောသည်။

အများစုမှာ လမ်းပေါ်နှင့် ရထားလမ်းပေါ်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ရထားတိုက်မှု နှစ်ကြိမ်အတွင်း သေဆုံးသူ သုံးဦးရှိကြောင်း အဆိုပါဌာနကပြောသည်။

စက်တင်ဘာ ၁ ရက်မှ ၄ ရက်အထိ အမျိုးသားနေ့ အားလပ်ရက်အတွင်း ပြီးခဲ့သည့်နှစ်နှင့် နှိုင်းစာပါက မတော်တဆဖြစ်ပွားမှု ၄၆ ကြိမ် မြင့်တက်လာကြောင်းနှင့် သေဆုံးသူ ၂၈ ဦး မြင့်တက်လာကြောင်း သိရသည်။ ယာဉ်ထိန်းရဲဌာန၏ ထုတ်ပြန်ချက်အရ ဗီယက်နမ်နိုင်ငံတစ်ဝန်း ဥပဒေချိုးဖောက်သည့် အမှုပေါင်း ၃၅၀၀၀ ဝန်းကျင်ခန့်ကို အရေးယူဆောင်ရွက်ခဲ့ပြီး ဗီယက်နမ်ဒေါင် ၇၂ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂ ဒသမ ၉၉ သန်း) ဒဏ်ရိုက်ခဲ့ကြောင်း၊ ကားအစီးရေ ၅၂၀ နှင့် မော်တော်ဆိုင်ကယ် ၁၂၀၀၀ ကို သိမ်းဆည်းခဲ့ကြောင်းနှင့် လိုင်စင် ၇၂၀၀ ကိုလည်း ပြန်လည်ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံတွင် ပြီးခဲ့သည့်နှစ်က ယာဉ်မတော်တဆမှု ၁၁၄၀၀ ကျော် ဖြစ်ပွားခဲ့ပြီး လူပေါင်း ၆၃၈၄ ဦး သေဆုံးကာ ၇၈၀၀ ကျော် ထိခိုက်ဒဏ်ရာရရှိကြောင်း တရားဝင်ဖော်ပြသော ကိန်းဂဏန်းများအရ သိရသည်။

**ဆင်ဟွာ**



# ကျန်းမာရေးဝန်ထမ်းရှားပါးမှု ဖြေရှင်းရေးနည်းလမ်းများ အာဖရိကတာဝန်ရှိသူများ ဆွေးနွေး

**ကီဂါလီ စက်တင်ဘာ ၅**

အာဖရိကတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ရင်ဆိုင်နေရသော စိန်ခေါ်မှုများကို အထူးသဖြင့် ဆရာဝန်နှင့် လူနာအချိုး လျော့နည်းမှုကို မည်ကဲ့သို့ ဖြေရှင်းဆောင်ရွက်မည်လဲဆိုသည်ကို ဆွေးနွေးရန်အတွက် အာဖရိကနိုင်ငံအသီးသီးမှ ကျန်းမာရေးတာဝန်ရှိသူများသည် ရဝမ်ဒါနိုင်ငံ၏မြို့တော် ကီဂါလီ၌ စက်တင်ဘာ ၄ ရက်က စုဝေးရောက်ရှိခဲ့ကြကြောင်း သိရသည်။

အဆိုပါ သုံးရက်ကြာအစည်းအဝေးကို အာဖရိကရှိ ဆေးဘက်စည်းမျဉ်းဆိုင်ရာ အာဏာပိုင်များကို စုစည်းထားသော အဖွဲ့အစည်းတစ်ခုဖြစ်သည့် အာဖရိက ဆေးဘက်ဆိုင်ရာ ကောင်စီများအသင်း (အေအမ်စီအိုအေ) က စီစဉ်ဆောင်ရွက်ခဲ့သည်။ ရဝမ်ဒါ ကျန်းမာရေးဝန်ကြီး ဆာဘင်က အဖွင့်အမှာစကား ပြောကြားရာတွင် ကမ္ဘာပေါ်ရှိ အခြားသော တိုက်ကြီးများထက် အာဖရိကတိုက်မှာ ကျန်းမာရေး စောင့်ရှောက်မှု လုပ်သားအင်အားနည်းပါးကြောင်း ပြောသည်။ **ဆင်ဟွာ**

# ပညာရေးဝန်ကြီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံ လူငယ်သီတင်းပတ် (Youth Week) မှတ်တမ်းဓာတ်ပုံများ




Naypyitaw State Academy



လှည်းကူး ပညာရေးဒီဂရီကောလိပ်






မန္တလေးတက္ကသိုလ်



ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်



ဟသ္သာတတက္ကသိုလ်



ဘားအံတက္ကသိုလ်



ရေနံချောင်းတက္ကသိုလ်



ကျောက်ဖြူပညာရေးဒီဂရီကောလိပ်



တောင်ငူတက္ကသိုလ်



တောင်ကြီးတက္ကသိုလ်



တောင်ကုတ်ပညာရေးဒီဂရီကောလိပ်



စစ်ကိုင်းပညာရေးတက္ကသိုလ်




မန္တလေးပညာရေးဒီဂရီကောလိပ်



ပခုက္ကူပညာရေးဒီဂရီကောလိပ်

# ဇာတ်လမ်းရယ်စုံ ညောင်နှစ်ပင်ဇုန်

**စိုးတင့်(ရောဝတီ)**
**အမျိုးသားစာပေဆုရှင်(၂၀၂၁)**

**ကိုဗစ် – ၁၉ ရောင်ရင်း နေပြည်တော်မှာ မိသားစုနှင့် နေတာကြာလာတော့ ဦးဖိုးထောင် ပျင်းလာသည်။ အလုပ်တစ်ခုခုရှာကြံပြီး စူးစူးစိုက်စိုက်လုပ်တတ်သူ အဖို့ ဘယ်မှမသွားရတာက မျောက်ကိုကြိုးတုပ်ထားသလိုဖြစ်နေသည်။ ကိုဗစ်ဖြစ်ပွားမှုနှုန်းနည်းလာပြီး လူတိုင်းနီးပါး ကာကွယ်ဆေး၊ ထပ်ဆောင်းကာကွယ်ဆေးများ ထိုးထားတော့ ဖြစ်ပွားမှု သေဆုံးမှု မရှိသလောက်နည်းလာရာ လူတွေစားဝတ်နေရေးအတွက် လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။ တာဝန်ယူထားသော နိုင်ငံတော်စီမံအုပ်ချုပ်ရေး အစိုးရအဖွဲ့ဝင်ဝန်ကြီးများပင် ပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ ကွင်းဆင်းကြပ်မတ်နေပြီဖြစ်ရာ ဦးဖိုးထောင်လည်း မိသားစုနှင့်တပည့်များအတွက် ပစ်ထားသော စီးပွားရေးလုပ်ငန်းများအား ပြန်လည်လုပ်ကိုင်ရန် ပြင်ဆင်ရပါတော့သည်။**



မှတ်မှတ်ရရ ပစ်ထားသော ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေး ဇုန်(၂)ရှိ ၁၀ ဧက ကျယ်ဝန်းသော ခြံကို လည်လည်ပတ်ပတ်ရှိသော တူတော်မောင် ဇော်မျိုးလတ်တို့လင်မယားအား ပေါင်းသင်မြက်ရှင်း အပင်စိုက်လုပ်ငန်းများ ၂၀၂၂ ခုနှစ် ဩဂုတ်လမှ စတင်၍ လုပ်ခိုင်းထားသည်။ ဒေါ်ဆောင်းကတော့ ငွေကြေးအကုန်အကျများ၍ သိပ်မလုပ်ချင်၊ ဦးဖိုးထောင်အတွေးကတော့ ရန်ကုန်နှင့် အနီးဆုံး လမ်းတွေ၊ မီးတွေ၊ ဆက်သွယ်ရေးစနစ်တွေ ထည့်သွင်း၍ အကွက်ကျကျ တည်ဆောက်ပေးထားသော အထူးစိုက်ပျိုးမွေးမြူရေးဇုန်အား စားရေးသောက်ရေးအတွက် မဖြစ်မနေ လုပ်သင့်သည်၊ သူ့ခေတ်ရောက်လာလိမ့်မည်ဟု ကျိန်းသေတွက်ထားရာ စိတ်ကူးနဲ့သိန်း ၅၀ ကျော် အကုန်အကျခံ ရှင်းလင်းပြီး ပုံဖော်စိုက်ပျိုးလျက် ရှိနေပါတော့သည်။

ဦးဖိုးထောင်ထင်သည့်အတိုင်းပင် နိုင်ငံတော်အကြီးအကဲက စိုက်ပျိုးရေး၊ မွေးမြူရေး တစ်ပိုင်တစ်နိုင် ကုန်ထုတ်လုပ်ငန်းများကို အထူးအားပေးလာရာ ညောင်နှစ်ပင်ဇုန်သည် လှုပ်လှုပ်ရှားရှား ဖြစ်လာပါသည်။

၂၀၂၃ ခုနှစ် နှစ်ဦးပိုင်းတွင် တူတော်မောင်က "ဦးလေး…ညောင်နှစ်ပင်ဇုန်က စားပင်သောက်ပင်တွေ မဖြစ်မနေ အပြည့်စိုက်ရမယ်။ အသုံးမဝင်တဲ့ အော်ရေးရှားပင်တွေ၊ အာဆီယံသပြေတွေ ခုတ်ရမယ်။ နာမည်ပြောင်းရင် တရားဝင်ခွင့်ပြုမယ်။ တစ်ဧခြောက်သိန်းသွင်းရမယ်။ နောက်ဆုံး အခြေအနေစိစစ်ပြီး ပိုင်ရှင်စာအုပ်အသစ် ပြန်လုပ်ရမယ်။ စည်းကမ်းမလိုက်နာပါက သိမ်းမယ်လို့ စာထွက်ထားတယ်။ တကယ်လည်း သိမ်းဖို့လုပ်နေတယ်။ တချို့ဘာမှမလုပ်တဲ့ ခြံတွေဆို "ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ပိုင်မြေ"ဆိုပြီး ဆိုင်းဘုတ်တွေရဲ့နဲ့ ဇုန်တာဝန်ရှိသူတွေက လိုက်ထူနေတာ တွေ့ရတယ်။ ကျွန်တော်တို့လည်း လုပ်စရာရှိတာလုပ်မှ ဖြစ်မယ်။ တော်ကြာ သိမ်းတဲ့အထဲပါသွားမှာ စိုးရိမ်နေရတယ်"ဟု ပြောလာသည်။ လွန်ခဲ့သော နှစ်ပေါင်း ၂၀ ကျော်က အဖြစ်အပျက်များ ဦးဖိုးထောင် ခေါင်းထဲတွင် စုံစီနဖာပေါ်လာပါတော့သည်။

**ညောင်နှစ်ပင်ဇုန်ဖြစ်စတည်လာမှု**

ညောင်နှစ်ပင်ကို မူလက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်သန်းက စတင် စီမံလုပ်ကိုင်ခဲ့တာဖြစ်သည်။ မူလက ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်မွေးမြူရေး အထူးဇုန်ဟု ခေါ်တွင်ခဲ့ပါသည်။ စီမံကိန်းကို ၂၀၀၀ ပြည့်နှစ် မေလ ၁၆ ရက်နေ့တွင် စတင်ခဲ့ပါသည်။ မှော်ဘီလှည်းကူးမြို့နယ်ရှိ ကွင်း ၁၁ ကွင်း၊ စားကျက်မြေ ၅၀၁၅ ဧက၊ မြေရိုင်း ၄၀၀၃ ဧက စုစုပေါင်း ၉၀၁၈ ဧကတွင် အကောင်အထည်ဖော်တာဖြစ်ပြီး စိုက်ပျိုးရေးအတွက် အကွက်ပေါင်း ၁၂၀၄ ကွက် ၆၀၇၅ ဧက၊ မွေးမြူရေးအတွက် အကွက် ၃၀၀ ဧက ၁၅၀၀ အင်းမြေ၊ ရွာမြေ ၁၄၄၃ ဧက စုစုပေါင်း ၉၀၁၈ ဧက ဖြစ်ပါသည်။ ရန်ကုန်မြို့လယ်နှင့် ၁၉ ဒသမ ၅ မိုင် အကွာမှာရှိပြီး လမ်း၊ ရေ၊ မီး၊ ဆက်သွယ်ရေးများနှင့် နိုင်ငံတကာအဆင့်မီ တွက်ချက်အကောင်အထည်ဖော်ခဲ့တာဖြစ်ကြောင်း တွေ့ရှိခဲ့ပါသည်။

**စီမံကိန်း၏ ရည်ရွယ်ချက်**

ရည်ရွယ်ချက်မှာ ရန်ကုန်မြို့နေပြည်သူများ လတ်ဆတ်သော ဟင်းသီးဟင်းရွက်နှင့် သား၊ ငါးများ စားသုံးနိုင်ရန်၊ မြို့တော်အခွန်လွတ်ဈေးများတွင် စဉ်ဆက်မပြတ် ရောင်းချပေးနိုင်ရန်၊ နိုင်ငံခြားဈေးကွက်ဝင် ဟင်းသီးဟင်းရွက်၊ သားငါးများ ထုတ်လုပ်နိုင်သည်အထိ ဆောင်ရွက်ရန်၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းရှင်များ ဝင်ငွေတိုးရန်တို့ ဖြစ်ပါသည်။

**ကြေညာချက်**

၁။ စိုက်ပျိုးမွေးမြူမြေ (၅)ဧက အခမဲ့ပေးမည်။
၂။ လမ်းဖောက်၊ ဂဝံခင်း၊ လျှပ်စစ်မီးလိုင်းနှင့် မီးရရှိရေးအတွက် ကိုယ်အားကိုယ်ကိုး၍ သတ်မှတ်ငွေပေးသွင်းရမည်။
၃။ စားဖိုဆောင်သီးနှံနှင့် ဟင်းသီးဟင်းရွက်၊ ကြက်များကိုသာ စိုက်ပျိုးမွေးမြူရမည်။
၄။ နှစ်ရှည်ပင်အား ခြံစည်းရိုးပတ်လည်တွင်သာ စိုက်နိုင်သည်။ အကွက်အလယ်၌ လုံးဝမစိုက်ရ။ ခြံစည်းရိုးတွင် ဆူးပုပ်၊ ကင်ပွန်းရှည်၊ သပြေ၊ ပြည်ပန်းညို၊ ဒန့်သလွန်၊ ကြောင်လျှာ၊ သံပရာ၊ ရှောက်၊ ကျွဲကော၊ လိမ္မော်၊ ကွမ်းသီး၊ ငှက်ပျော၊ သဘော်ာ စသည့် အပင်လတ် အုပ်စုများသာ စိုက်ရမည်။
၅။ စည်းကမ်းမပျက် စိုက်ပျိုးနေသည့် ကာလပတ်လုံး ရာသက်ပန် လုပ်ကိုင်ခွင့်ပေးမည်။ တစ်ရာသီတွင် ၅၀ ရာခိုင်နှုန်းပြည့်အောင် မစိုက်ပါက သတိပေးမည်။ တစ်နှစ်ပတ်လုံး မစိုက်ပါက ပြန်သိမ်းမည်။ ငွေပြန်မအမ်းပါ။
၆။ ဇုန်ကြီးကြပ်ရေးကော်မတီ၏ အစီအစဉ်ဖြင့် ညှိနှိုင်းသည့်ကိစ္စမှအပ သီးနှံနှင့် ကြက်သားများကို ပြည်တွင်း ပြည်ပသို့ လွတ်လပ်စွာ ရောင်းချနိုင်သည်။
၇။ စဉ်ဆက်မပြတ် ငါးနှစ်စိုက်ပျိုးပြီး လုပ်ကိုင်ခွင့် ပြောင်းလဲလိုပါက တည်ဆဲမြေယာဥပဒေများနှင့်အညီ ပြောင်းလဲချထားခွင့်ပြုမည်။
၈။ နိုင်ငံခြားသားအား ရောင်းချခြင်း၊ မည်သည့်နည်းနှင့်မျှ ပိုင်ဆိုင်ခွင့်ပေးခြင်းမပြု (မပြု)။
၉။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆက်စပ်သည့် စက်မှုလုပ်ငန်းများ ဆောင်ရွက်ခွင့်အား လျှောက်ထားပါက စိစစ်ခွင့်ပြုပေးမည်။
၁၀။ ဇုန်ကြီးကြပ်ရေးကော်မတီ၏ စည်းကမ်းသတ်မှတ်ချက်များအား လိုက်နာဆောင်ရွက်ရမည်။ စည်းကမ်းပျက်ပါက မြေသိမ်းဆည်းခြင်းခံရမည်။

စနစ်တကျ အကောင်အထည်ဖော်နေသော ဇုန်စီမံကိန်းအား ဦးဖိုးထောင်တို့ အလွန်သဘောကျခဲ့ပါသည်။ ဦးဖိုးထောင် ထိုအချိန်က တပ်မဒုတိယဗိုလ်မှူးကြီးအဆင့်ဖြင့် အသည်းရောဂါကြောင့် နယ်ဘက်သို့ ရောက်စကာလ ဖြစ်ပါသည်။ မှတ်မှတ်ရရ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေးတွင် အထွေထွေမန်နေဂျာဘဝဖြင့် တာဝန်ထမ်းဆောင်နေချိန် ဖြစ်သည်။ မရေရာလှသော ဘဝအချိုးအကွေ့များနှင့် ကြုံဆုံခဲ့ပြီး ဘဝကြီးကို အမှုမဲ့အမှတ်မဲ့ မနေရဲတော့ပါ။ ညီငယ်များဖြစ်သော မောင်မောင်စိုး၊ ဝင်းမြင့်တို့နှင့် တိုင်ပင်ပြီး ညောင်ပင်နှစ်ပင်ဇုန်အနီး၊ သရက်ညိုပင်ရွာနားတွင် မြေများဝယ်ယူပြီး တပ်ထဲတွင်မိမိအတွေ့အကြုံရှိခဲ့သော စိုက်ပျိုးရေးလုပ်ငန်းများ စတင်လုပ်ကိုင်ခဲ့ပါသည်။

ထိုအချိန်က ထိုင်ဝမ်ဖရဲသီးတစ်လုံးကျပ် ၅၀၀ နဲ့ရောင်းရကြောင်း၊ အရင်းက ၁၅၀ ကျပ်တောင် မပြည့်ကြောင်း သိရသဖြင့် သေချာပေါက်မြတ်မှာဟု တွက်၍ စိုက်ခဲ့သော ဖရဲသီးမှာ တကယ်ထွက်သော အခါတွင် ကျပ် ၁၀၀ တောင်ပေးမယ့်သူမရှိ၍ လမ်းဘေးတွင်ဖြစ်သလို ချရောင်းခဲ့သလို အလုံရှိ သီရိမင်္ဂလာအသီးအရွက်ဈေးကြီးထဲရှိ ဒိုင်များထံသွင်းရာ အမျိုးမျိုးပညာပြနေ၍ လမ်းဘေးတွင် စွန့်လွှတ်စုပုံ ဖြစ်ခဲ့တာကိုလည်း မှတ်မိနေပါသည်။ မိမိတို့၏ ကမောက်ကမနိုင်သော စီးပွားရေးလုပ်ကွက်ကိုလည်း စိတ်ပျက်မိပါသည်။

ညီငယ်ဝင်းမြင့်၏ စိုက်ခင်းထဲရှိ တပည့်ကျော်မှာ ရွာထဲရှိ တစ်ခုလပ်ကလေး အမေလေးနှင့် ချစ်ကြိုက်နေရာ ပတ်ဝန်းကျင်သဘောမတူ ကဲ့ရဲ့၍ ချစ်သူနှစ်ဦးပိုးသတ်ဆေး အတူတူသောက်ကာ တစ်ယောက်ကို တစ်ယောက် တင်းတင်းကျပ်ကျပ်ဖက်ပြီး သေပွဲဝင်ခဲ့ရတဲ့ ခေတ်သစ်ရိုမီယိုနှင့် ဂျူးလိယက် ဇာတ်လမ်းကလည်း လွမ်းဆွတ်ဖွယ်ရာ ဟိုးလေး တကျော် ဖြစ်ခဲ့ရပါသည်။

**ပကတိ မြေရိုင်းတောအား ခက်ခက်ခဲခဲ ခုတ်ထွင်ရှင်းလင်းရခြင်း**

နောက်ပိုင်းတွင် ညီငယ်နှစ်ဦးမှာ စိုက်ပျိုးရေးကို စွန့်ခွာသွားခဲ့သော်လည်း ဦးဖိုးထောင်မှာ မစွန့်လွှတ်နိုင်ခဲ့ပါ။ တစ်နေ့ ပြည်တွင်းရေကြောင်းမှ အင်ဂျင်နီယာကြီး ဦးလှက ညောင်နှစ်ပင်ဇုန်ဖော်တဲ့အထဲမှာ သူတို့ဘိုးဘွားပိုင်မြေ ပါသွားသည်။ နိုင်ငံတော်က ပြန်ချပေးတဲ့အကွက်တွေ GM ကြီး ဝါသနာပါတယ်ဆိုလို့ စိုက်မလားဟု မေးလာရာ ဦးဖိုးထောင် မဆိုင်းမတွ သဘောတူခဲ့ပြီး ညောင်နှစ်ပင်ဇုန် (၂) ထဲသို့ ရောက်ခဲ့ရပြန်ပါသည်။ ၂၀၀၁ ခုနှစ် ဩဂုတ်လဆန်းပိုင်းတွင် မိမိရရှိသော ဇုန် (၂) M 5 လမ်းမကြီးပေါ်ရှိ C9 နှင့် C10 ကြား အကွက် ၁၀ ဧကအား သွားကြည့်ရာ လမ်းတွေမှာ မြေသားလမ်းတစ်ကြောင်းထိုးတွေသာ ဖြစ်သော်လည်း လေးထောင့်ကျကျ အကွက်ဖော်ထားတာ တွေ့ရသည်။ မီးတိုင်များ စိုက်ထူဆဲဖြစ်ပြီး လမ်းဆုံတိုင်းတွင် ထရန်စဖော်မာများ ထိုင်ပေးထားပါသည်။ နွေအခါသာ သွားလို့ရပြီး မိုးအခါ (လုံးဝ) သွားလို့မရပါ။ ရွှံ့ဗွက်များမှာ ဂဝံရွှံ့စေးမြေများဖြစ်ပြီး သွားလာရတာ အလွန်ခက်ခဲသည်။ မိုးတအားများလျှင် အကွက်များ ရေတစ်ပေခွဲခန့် မြုပ်နေပြီး ရေအကျစောင့်ရတာ တစ်ခါတလေ တစ်လလောက်ပင် ကြာတတ်ပါသည်။

*စာမျက်နှာ ၁၇ သို့*

❒ **မှော်ဘီလှည်းကူးမြို့နယ်ရှိ ကွင်း ၁၁ ကွင်း၊ စားကျက်မြေ ၅၀၁၅ ဧက၊ မြေရိုင်း ၄၀၀၃ ဧက စုစုပေါင်း ၉၀၁၈ ဧကတွင် အကောင်အထည်ဖော်တာဖြစ်ပြီး စိုက်ပျိုးရေးအတွက် အကွက်ပေါင်း ၁၂၀၄ ကွက် ၆၀၇၅ ဧက၊ မွေးမြူရေးအတွက် အကွက် ၃၀၀ ဧက ၁၅၀၀ အင်းမြေ၊ ရွာမြေ ၁၄၄၃ ဧက စုစုပေါင်း ၉၀၁၈ ဧက ဖြစ်ပါသည်။ ရန်ကုန်မြို့လယ်နှင့် ၁၉ ဒသမ ၅ မိုင် အကွာမှာရှိပြီး လမ်း၊ ရေ၊ မီး၊ ဆက်သွယ်ရေးများနှင့် နိုင်ငံတကာအဆင့်မီ တွက်ချက်အကောင်အထည်ဖော်ခဲ့**

## ရန်ကုန်မြို့ရှိ အထူးကုဆေးရုံကြီးများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၅**

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ မျက်စိရောဂါ အထူးကုဆေးရုံကြီးတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဌာနများမှ ပူးပေါင်းအင်အား ၁၅၀ ဖြင့် လည်းကောင်း၊ အလုပ်သမားဆေးရုံကြီးတွင် ပူးပေါင်းအင်အား ၁၀၀ ဖြင့် လည်းကောင်း၊ ဖျိုင်းရွာမကွက်သစ် ရပ်ကွက်ရှိ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ် အထူးကုဆေးရုံကြီးတွင် ပူးပေါင်းအင်အား ၁၅၀ ဖြင့်လည်းကောင်း၊ ရန်ကင်းမြို့နယ်ရှိ ရန်ကင်းကလေးဆေးရုံကြီးအား ပူးပေါင်းအင်အား ၂၀၀ ဖြင့်လည်းကောင်း စက်တင်ဘာ ၅ ရက် နံနက်ပိုင်းက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ စုပေါင်းလုပ်အားပေးဆောင်ရွက်ကြရာသို့ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၊ ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေး၊ အတွင်းရေးမှူး ဦးညွန့်ဖေနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးခဲ့သည်။

အလားတူ ကြည့်မြင်တိုင်မြို့နယ်ရှိ အရိုးရောဂါအထူးကုဆေးရုံကြီးနှင့် လမ်းမတော်မြို့နယ်ရှိ ခုတင် ၅၀၀ ဆံ့ အထူးကုဆေးရုံကြီးတို့တွင်လည်း ဝန်ထမ်းများက စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်စိုးမိုး**

**(မင်္ဂလာတောင်ညွန့်)**

## တရားရေးမဏ္ဍိုင်တည့်မတ်ခိုင်မာရေး တရားရေးအရာရှိများအား ထပ်ဆင့်ပြောကြား

**ရန်ကုန် စက်တင်ဘာ ၅**

ပြည်ထောင်စု တရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ်တရားရေးဦးစီးမှူးများ၏ (၂၅)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးထပ်ဆင့်ရှင်းလင်းပွဲကို စက်တင်ဘာ ၃ ရက်က ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်နှင့် ရန်ကုန်တိုင်း ဒေသကြီးအတွင်းရှိ တရားရေးအရာရှိ ၂၁၆ ဦး တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်က ပြည်ထောင်စု တရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ်တရားရေးဦးစီးမှူးများ၏ (၂၅) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုတရားသူကြီးချုပ်ပြောကြားခဲ့သည့် တရားရေးမဏ္ဍိုင် တည့်မတ်ခိုင်မာရေးအတွက် အဓိကတာဝန်ရှိကြောင်း၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်း သာယာရေး၊ ပြည်သူအများ ယုံကြည်ကိုးစားသည့် တရားစီရင်ရေးစနစ်ပေါ်ထွန်းရေးနှင့် ပတ်သက်သည့် အချက်များကို ထပ်ဆင့် ရှင်းလင်းသည်။ **အောင်မြင့်(ပြန်/ဆက်)**

## တရားမဝင်သစ်မျိုးစုံ၊ စက်ယန္တရားယာဉ်များ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ ဆေးဝါးများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၅**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၃၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရွှေပြည်သာမြို့နယ် အမှတ် ၂၂ ရပ်ကွက် ဝါးတရာဆိပ်ကမ်း၌ တရားမဝင်ကျွန်းသစ် ၇၉ ဒသမ ၂၅၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂,၃၀၈,၁၀၂)၊ ၂၂ ဘီးယာဉ် တွဲကားသုံးစီး၊ ကရိန်းယာဉ်တစ်စီး၊ လူစီးကားတစ်စီးနှင့် စက်လှေတစ်စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၀,၀၀၀,၀၀၀) ကို လည်းကောင်း၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်၊ စက်မှုဇုန်(၂)၊ (၈၉) ရပ်ကွက် မင်းသားကြီးလမ်းခြံအမှတ် (၁၂၈)၌ တရားမဝင်သစ်မျိုးစုံ ၁၇၂ ဒသမ ၀၀၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၃,၅၉၈,၀၇၈) ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁,၀၀၅,၉၀၆,၁၈၀ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စက်တင်ဘာ ၁ ရက်တွင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တနိုင်းမြို့နယ် မိုင်းခွန်ကျေးရွာရှိ တရားမဝင်ရွှေမှော်၌ လိုင်စင်မဲ့ Doosan အမျိုးအစား အနီရောင် ဘက်ဟိုးယာဉ်တစ်စီး၊ Komatsu အမျိုးအစား အဝါရောင်ဘက်ဟိုးယာဉ်တစ်စီး၊ Volvo အမျိုးအစား အဝါရောင်ဘက်ဟိုးယာဉ်တစ်စီးနှင့် CAT-320C အမျိုးအစား အဝါရောင် ဘက်ဟိုးယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀,၀၀၀,၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ယင်းနောက် စက်တင်ဘာ ၂ ရက်တွင် မွန်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သံလွင်တံတား (မော်လမြိုင်)ပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် RBD Palm Olein စားအုန်းဆီ ၃၉၆၀ လီတာ (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၀,၇၈၀,၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀,၀၀၀,၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀,၇၈၀,၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စက်တင်ဘာ ၂ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူဆယ်-မန္တလေး ကားလမ်း မိုင်တိုင်အမှတ် ၂၃ မိုင် ၂ ဖာလုံ၌ မူဆယ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Hummer တူ ၉၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇,၈၉၇,၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆,၀၀၀,၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၃,၈၉၇,၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၃ ရက်တွင် ဘုရားကြီးမြို့ Famous ဆီဆိုင်အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Furosic 40 mg ဆေးဝါးဘူး ၁၁၀၀၊ Envelop စာအိတ် ၇၆၈ ကီလိုဂရမ် အပါအဝင် ကုန်ပစ္စည်း ငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃,၃၂၅,၂၄၂) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀,၀၀၀,၀၀၀)ကို လည်းကောင်း၊ တောင်ငူခရိုင်အတွင်း၌ တရားမဝင်သစ် ၁ ဒသမ ၉၅၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၆,၉၃၄)ကို လည်းကောင်း၊ စက်တင်ဘာ ၄ ရက်တွင် ပဲခူးခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၃ ဒသမ ၄၉၉ တန်နှင့် သစ်မာ ၀ ဒသမ ၁၈၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁,၆၅၀,၄၃၆ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅,၁၁၂,၆၁၂ကို ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဩဂုတ် ၃၁ ရက်နှင့် စက်တင်ဘာ ၁ ရက်၊ ၂ ရက်၊ ၃ ရက်၊ ၄ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၅ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁,၃၁၅,၆၉၅,၇၉၂) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၆ မှ*

ဦးဖိုးထောင်ရရှိသော ဇုန်(၂)ရှိ အကွက်အမှတ် (၅၁၉၊ ၅၂၀) မှာ မြေရိုင်းဖြစ်၍ သစ်ပင်များထူထပ်စွာ ပေါက်နေပါသည်။ တဲအိမ်အတွက် ရှင်းလင်းပြီး တစ်ကွက်စာကို လူအင်အား စက်ယန္တရား အားသုံး၍ ခက်ခက်ခဲခဲလုပ်ရပါသည်။

တပည့်များဖြစ်သော အောင်သိန်းဇော်တို့ သားအမိ၊ ကိုကံလှ၊ ဟင်္သာတနယ်ဘက်မှ ကိုကြာညွန့်အဖွဲ့အားငှား၍ မြေယာရှင်းလင်းရေး လုပ်ရပါသည်။ သစ်ပင်များရှင်းလင်းခြင်း၊ အကွက်ဖော်ခြင်းကို သုံးလခန့် လုပ်ရပါသည်။ အကွက်ပေါ် သွားသော်လည်း သစ်ပင်များ စိုက်ပျိုးလို့မရပါ။ သစ်ငုတ်များ အမြစ်ပါ မကျန်အောင် တူးဖော်ခြင်းအား တစ်ငုတ်တူးဖော်က ၁၅ ကျပ်နှုန်းဖြင့် တူးဖော်ရပါသည်။ တစ်ကွက်လုံးအပြည့်ဖြစ်နေသော ခြောက်သွေ့နေသည့် သစ်ငုတ်သစ်မြစ်များမှာ နွေရာသီတွင် မီးလောင်ကျွမ်းရာ ခုနစ်ရက်ခန့် မီးသတ်လို့မရတဲ့ အထိ ဖြစ်ခဲ့ရပါသည်။

စိုက်၍ရသော အနေအထားရောက်သည်အထိ တစ်နှစ်ခန့် ကြာပါသည်။ အစကနဦးတွင် မြေရိုင်းဖြစ်ခြင်း၊ မီးများလောင်ကျွမ်းထားခြင်းတို့ကြောင့် မြေဩဇာဓာတ် အလွန်ကောင်းပါသည်။ ဘာပင်စိုက်စိုက် အဖြစ်မြန်ပါသည်။ ဦးဖိုးထောင်မှာ အကွက်အလယ်တွင် အိမ်ဆောက်၍ ခြံစည်းရိုးပတ်ပတ်လည်တွင် ထီးရိုးဝါး၊ ဝါးနက်၊ ဝါးပိုးများ စိုက်ခြင်း၊ နှစ်ရှည်ပင်အဖြစ် ပိန္နဲပင်၊ သရက်ပင်၊ ခံတက်ပင်၊ အုန်းပင်၊ ငွေးပင်၊ သစ်ဆိမ့်ပင်၊ မယ်ဇလီပင်၊ ဒန့်သလွန်၊ သီဟိုဠ်ပင်များစိုက်ပျိုးပြီး မူလအလေ့ကျပေါက်နေသော ညောင်ချဉ်ပင်များ၊ ရင်းတိုက်ပင်များ၊ ဆီးဖြူပင်များအား ပြုစုထိန်းသိမ်းထားပြီး ထူးထူးခြားခြားအဖြစ် မော်လမြိုင်မှ ကိုစန်းဌေးပို့ပေးသော ကျောက်စိမ်းမျိုး ကျွဲကောပင် ၅၀၊ ကံ့ကော်ပင်၊ သပြေပင်၊ ကရဝေးပင်၊ စောင်းလျားသီးပင်၊ သံပရာပင်၊ ဖန်ခါးပင်များအား စိုက်ပျိုးထားပါသည်။

### ခြံလည်းရှင်းပြီး ကန်စွန်းလည်းရ

ထိုအချိန်က ကန်စွန်းပုံခြင်းမှာ အလွန်ခေတ်စားပါသည်။ မူလမြေအား ခြောက်ပေတွင် တစ်ပုံ ပတ်ပတ်လည် မြေကိုအပေါ်အောက်လှန်ပြီး သုံးပေအကျယ် တစ်ပေခွဲအမြင့်ရှိ မြေပုံများ ပုံပါသည်။ ကန်စွန်းပုံရာတွင် သုံးသောပေါက်တူးမှာ အလျားတစ်ပေ အကျယ် ၁၀ လက်မခန့်ရှိပြီး အရိုးက အနည်းငယ်တိုပါသည်။ တော်တော်လေးပြီးသာမန်လူများမသုံးတတ်ပါ။ ထိုဒေသမှ ကျွမ်းကျင်သောအဖွဲ့ကိုခေါ်ပြီး ပုတ်ပြတ်ခိုင်းရပါသည်။ မူလမြက်ပင်များ ပေါက်နေသောမြေကြီးကို ပုံတဲ့သူက ပေါက်ပြားနှင့်ရုပ်ပေါက်၍ ထွက်လာသောမြေအချပ်လိုက်အား ပြောင်းပြန်လှန်၍ ချပါသည်။ မြက်ပင်များ မြေအောက်ရောက်သွားပြီး မြေပုံတွေပဲ ညီညီညာညာ ပေါ်လာပါသည်။ ခြံရှင်းရန်သက်သာပြီး မြေဩဇာဓာတ်ကို မြက်ပင်အဆွေးများမှ ပြန်ရသည်ဟု ဆိုပါသည်။ သူ့အရပ်နဲ့ သူ့ဇာတ်အလုပ် ဖြစ်နေပါသည်။ အပုံလုပ်ပြီးပါက အညွန့် ၁၀၀ ကို ၂၅ ကျပ်ပေးပြီး ကန်စွန်းပုံများထဲသို့ ကန်စွန်းညွန့်များထိုးထည့်၍ စိုက်လိုက်ပါတော့သည်။

ကန်စွန်းပုံများ ရှင်သန်ကြီးထွားပြီး သုံးလခွဲခန့်အကြာတွင် အပုံများအား ဖြဲထုတ်လိုက်ပါက ရဲနေသော လက်သီးဆုပ်ခန့်ရှိသော ကန်စွန်းဥများ ထွက်ကျလာပါသည်။ အင်မတန်အားရစရာကောင်းပါသည်။ ဦးဖိုးထောင်၏ ကန်စွန်းပုံမှ ဥကြီး ၃၈၀၁ ပိဿာရပြီး ၅၅ ကျပ်နှုန်း ရောင်းရပါသည်။ ဥအသေးမှာ ၁ ပိဿာ ၃၀ ကျပ်နှုန်း ရောင်းရပြီး ပိဿာ ၇၀၈ ပိဿာ ထွက်ပါသည်။ လုပ်သားခမှာ ကျပ် ၁၂၅၂၀၀ ကျပြီး အရင်းငွေမှာ ၂၀၉၂၉၂ ကျပ်ကျသင့်ရာ စုစုပေါင်း တွက်လိုက်ပါက ၆၆၀၂ ကျပ်ရှုံးကြောင်း မှတ်တမ်းများအရ သိရပါသည်။ မြေများပြုပြင်ပြီးသားဖြစ်သွား၍ နောင်တွင် ဆူးပုတ်၊ ကင်ပွန်းချဉ်၊ ငွေးတောက်၊ ပဲမျိုးစုံ၊ ဘူး၊ ဖရုံနှင့် ချဉ်ပေါင်များစိုက်ပျိုးရန် အဆင်ပြေပါသည်။ ပတ်ပတ်လည်တွင် ဗမာ သံပရာနှင့် သံပယိုပင်များလည်း စိုက်ပါသည်။ ဘုရားပန်းအတွက် သပြေငုတ်များလည်း စိုက်ပါသည်။

လွန်ခဲ့သော အနှစ် ၂၀ က ဈေးများအနေဖြင့် ပြောရရင် ကင်ပွန်းချဉ်ပင်ပေါက် တစ်ပင် ရှစ်ကျပ်၊ သံပရာပင် ၁၀ ကျပ်၊ ငရုတ်ပင် ၁၀ ကျပ်၊ ကန်စွန်းပုံတစ်ပုံ လုပ်အားခ ၂၀ ကျပ်၊ ကန်စွန်းညွန့် ၁၀၀ ကို ၂၅ ကျပ်၊ ဓားကောက်တစ်လက် ၆၀၀ ကျပ်၊ လူတစ်ယောက်တစ်နေ့ လုပ်အားခ ၃၀၀ ကျပ်၊ မာလကာပင်တစ်ပင် ၁၀၀ ကျပ်၊ ပိန္နဲပင်တစ်ပင် ၁၀၀ ကျပ်၊ ကြက်ချေးတစ်အိတ် ၆၀ ကျပ်၊ ၃ မျိုးစပ်တစ်အိတ် ၄၃၀ ကျပ်တို့ဖြစ်ပြီး လယ်တစ်ဧကလောက်လည်း တီထွင်စိုက်ပျိုးဖြစ်ခဲ့ပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
# ကုန်သွယ်ရေးဦးစီးဌာန
## ကြော်ငြာစာအမှတ်(၁/၂၀၂၃)
## လျှောက်လွှာခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ အမှုထမ်းရာထူး (၆၀) နေရာအတွက် လျှောက်လွှာခေါ်ယူခြင်းဖြစ် ပါသည်-

(က) ဒုတိယဦးစီးမှူး — လစ်လပ်(၁၅)နေရာ
(လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)

( ခ ) အငယ်တန်းစာရေး၊ — လစ်လပ်(၁၉)နေရာ
ဒုတိယလက်ထောက် — လစ်လပ်(၂၀)နေရာ
ကွန်ပျူတာလုပ်ဆောင်ရေးမှူး
(လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)

( ဂ ) ယာဉ်မောင်း(၅)၊ — လစ်လပ်(၅)နေရာ
လုံခြုံရေး(၅) — လစ်လပ်(၁)နေရာ
(လစာနှုန်းကျပ် ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀)

၂။ အထက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်ထားသူသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

( ခ ) ဒုတိယဦးစီးမှူးရာထူးအတွက် တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိသူဖြစ်ရမည်။ (IELTS Band (6.5) (သို့မဟုတ်) TOFEL (550) အထက် ရရှိထားပါက အထောက်အထား ပူးတွဲတင်ပြနိုင်ပါသည်။)

( ဂ ) အငယ်တန်းစာရေးနှင့် ဒုတိယလက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူး ရာထူးအတွက် တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိသူ (ကွန်ပျူတာကျွမ်းကျင်သူ) ဖြစ်ရမည်။

(ဃ) ယာဉ်မောင်း(၅) (ယာဉ်မောင်းလိုင်စင် (ခ) ပါရှိရမည်။)၊ လုံခြုံရေး (၅) ရာထူးများအတွက် အခြေခံပညာမူလတန်းအဆင့် ရှိရမည်။

( င ) ဌာန၏ လုပ်ငန်းသဘာဝအရ အမျိုးသားများအား ဦးစားပေး ရွေးချယ်မည်ဖြစ်ပါသည်။

( စ ) ကျန်းမာရေးကောင်းမွန်သူဖြစ်ပြီး နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

(ဆ) ပါတီနိုင်ငံရေးကင်းရှင်းသူ၊ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသူဖြစ်ရမည်။

( ဇ ) ဌာနဆိုင်ရာတစ်ခုခုတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ပြစ်မှု၊ ပြစ်ဒဏ်တစ်ခုခုကျခံခဲ့သူ၊ နုတ်ထွက်ခဲ့သူမဖြစ်စေရ။

( ဈ ) ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ (၃၁) ရက်တွင် အသက်(၁၈)နှစ်ပြည့်ပြီး (၃၅)နှစ်ထက် မကျော်သူဖြစ်ရမည်။ လက်ရှိဝန်ထမ်းဖြစ်ပါက အသက်(၄၀)နှစ်ထက် မကြီးသူဖြစ် ရမည်။

(ည) အထက်ဖော်ပြပါ ရာထူးအဆင့်များအားလုံးအတွက် ဌာနတွင် အနည်းဆုံးတစ်ဆက်တည်း (၃) နှစ်ပြည့်သည်အထိ တာဝန်ထမ်းဆောင်ရန် ဝန်ခံကတိပြု လက်မှတ်ရေးထိုးရမည်။

( ဋ ) ဒုတိယဦးစီးမှူးရာထူး လျှောက်ထားသူသည် ခိုင်လုံသောအကြောင်း ပြချက် တစ်စုံတစ်ရာမရှိဘဲ (၃)နှစ်ပြည့်သည်အထိ တစ်ဆက်တည်း တာဝန်ထမ်းဆောင်ရန် ပျက်ကွက်ပါက လျော်ကြေးငွေကျပ် (၂၀) သိန်း (ကျပ်နှစ်ဆယ်သိန်းတိတိ) ကို တစ်လုံးတစ်ခဲတည်း ပေးလျော်ရမည်။

( ဌ ) အငယ်တန်းစာရေးနှင့်အဆင့်တူရာထူး လျှောက်ထားသူသည် ခိုင်လုံသောအကြောင်း ပြချက်တစ်စုံတစ်ရာမရှိဘဲ (၃)နှစ်ပြည့်သည်အထိ တစ်ဆက်တည်း တာဝန်ထမ်းဆောင်ရန် ပျက်ကွက်ပါက လျော်ကြေးငွေကျပ် (၁၀) သိန်း (ကျပ်ဆယ်သိန်းတိတိ) ကို တစ်လုံးတစ်ခဲတည်း ပေးလျော်ရမည်။

၃။ စာမေးပွဲဝင်ကြေးငွေ ၁၀၀၀/-(ကျပ်တစ်ထောင်တိတိ)ကို နေပြည်တော်၊ မြန်မာ့စီးပွားရေးဘဏ်ရှိ ငွေစာရင်းအမှတ် (MD-010022)သို့ ပေးသွင်းရမည်။ အခြားမြို့များမှ ပေးသွင်းပါက သက်ဆိုင်ရာမြို့၏ မြန်မာ့စီးပွားရေးဘဏ်မှ တစ်ဆင့် ငွေလွှဲလက်မှတ်ဖြင့် နေပြည်တော် မြန်မာ့စီးပွားရေးဘဏ် MD-010022 သို့ ပေးသွင်းရပါမည်။

၄။ လျှောက်လွှာပုံစံများကို နေပြည်တော်၊ ရုံးအမှတ်(၃)၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ စီမံရေးရာဌာနခွဲတွင် ရယူနိုင်ပါသည်။

၅။ လျှောက်လွှာပုံစံနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရပါမည် -

(က) ဒု-ဦးစီးမှူးနှင့် အငယ်တန်းစာရေးနှင့် အဆင့်တူရာထူးများအတွက် ပညာအရည်အချင်း အထောက်အထား ဘွဲ့လက်မှတ်/ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်၊ ယာဉ်မောင်း (၅)နှင့် လုံခြုံရေး (၅) ရာထူးအတွက် ကျောင်းထောက်ခံစာ (မိတ္တူ)

( ခ ) ပတ်စ်ပို့အရွယ်ဓါတ်ပုံ (၅)ပုံ

( ဂ ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထံမှ (၆)လအတွင်းရယူထားသည့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက် (မူရင်း)

(ဃ) သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းမှ (၆)လအတွင်း ရယူထားသည့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက် (မူရင်း)

( င ) နိုင်ငံသားစိစစ်ရေးကတ်ပြား (မိတ္တူ)

( စ ) ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်ဆေးရုံ၏ ဆေးစစ်ချက် ထောက်ခံချက်(မူရင်း)

(ဆ) စာမေးပွဲဝင်ကြေး ပေးသွင်းပြီးသည့်ချလန် (မူရင်း)

( ဇ ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ် (မိတ္တူ)

၆။ နိုင်ငံ့ဝန်ထမ်းများသည် မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့်ဌာနမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူ၍လည်းကောင်း၊ ပြင်ပမှလျှောက်ထားသူများ အနေဖြင့် ဤဦးစီးဌာန (နေပြည်တော်)ရုံးသို့ လျှောက်လွှာကို (၁၉-၉-၂၀၂၃) ရက် (အင်္ဂါနေ့) အရောက် နောက်ဆုံးထား၍ လျှောက်ထားရန်ဖြစ်ပါသည်။

၇။ ဒု-ဦးစီးမှူး၊ အငယ်တန်းစာရေးနှင့်အဆင့်တူရာထူးလျှောက်ထားသူများကို (၂၅-၉-၂၀၂၃) ရက် နံနက်(၀၉:၃၀)ချိန်တွင် ရုံးအမှတ်(၃)၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၌ အောက်ပါအတိုင်း အရည်အချင်းစစ်ဆေးခြင်း ပြုလုပ်မည်ဖြစ်ပြီး ပဏာမရွေးချယ်ခံရသူများကို ဌာနမှ ဆက်သွယ်အကြောင်းကြားပါမည်။

| စဉ် | အကြောင်းအရာ | နေ့ရက် | အချိန် |
|---|---|---|---|
| (က) | အင်္ဂလိပ်စာ(ရေးဖြေ) | ၂၅-၉-၂၀၂၃ | နံနက်(၀၉:၃၀ မှ ၁၁:၃၀ထိ) |
| ( ခ ) | ကွန်ပျူတာ ကျွမ်းကျင်မှုလက်တွေ့ | ၂၅-၉-၂၀၂၃ | နံနက်(၁၂:၃၀ မှ ၁၆:၀၀ထိ) |
| ( ဂ ) | အထွေထွေဗဟုသုတ (လူတွေ့) | ၂၈-၉-၂၀၂၃ | နံနက်(၀၉:၃၀ မှ ၁၆:၀၀ထိ) |

၈။ ယာဉ်မောင်း(၅)လျှောက်ထားသူများအား (၂၈-၉-၂၀၂၃)ရက် (၀၉:၃၀) မှစ၍ ယာဉ်မောင်း လက်တွေ့ကျွမ်းကျင်မှုစစ်ဆေးခြင်းနှင့် လူတွေ့စစ်ဆေးခြင်း ပြုလုပ်သွားမည်ဖြစ်ပြီး လုံခြုံရေး(၅) လျှောက်ထားသူများအား (၂၈-၉-၂၀၂၃) ရက် (၀၉:၃၀)မှစ၍ လူတွေ့စစ်ဆေးခြင်းများပြုလုပ်သွားမည် ဖြစ်ပါသည်။

၉။ ဖြေဆိုခွင့်ကတ်ပြားများကို (၂၂-၉-၂၀၂၃)ရက်တွင် ရုံးအမှတ်(၃)၊ ကုန်သွယ်ရေးဦးစီးဌာန၊ စီမံရေးရာဌာနခွဲ၌ နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)နှင့်အတူ ရုံးချိန်အတွင်း ထုတ်ယူရန်ဖြစ်ပါသည်။

